ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ဝါဆိုလကွယ်၊ တနင်္လာနေ့၊ (24-7-2006) (၅၀၂၈)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံခန်းမ၌ ကျင်းပသည့် ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* စက်မှုကဏ္ဍ၏ပိုင်ဆိုင်မှုအချိုးတွင် ပုဂ္ဂလိကကဏ္ဍသည် ၉၂ဒသမ ၃၆ရာခိုင်နှုန်းပါဝင်လျက်ရှိရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အားထားရသည့် အင်အားစုပင်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အလားအလာကောင်းမွန်သည့် စက်မှုလုပ်ငန်းများကို ရွေးချယ်ထူထောင် လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ-၂

* မျက်စဉ်းတွေကို အလွယ်အသုံးပြုနေကြတော့ အခတ်မတော် မျက်စဉ်းတစ်စက်ရယ်ကြောင့် မျက်စိတစ်ဖက်ပျက်လို့ ဘဝဆုံးရှုံးရတာတွေကို တွေ့နေရပါတယ်။ မျက်စဉ်းဆေးတွေ လွဲမှားစွာအသုံးပြုခြင်း၊ ရောင်းချခြင်းနဲ့ ပတ်သက်ပြီး ဆေးဝါးရောင်းချသူများအတွက် မြန်မာနိုင်ငံ ဆေးနှင့်ဆေးကုန်သည်ကြီးများအသင်းက ကြီးမှူးဖွင့်လှစ်တဲ့ သင်တန်းမှာလည်း အပတ်စဉ် သင်တန်းပို့ချပြီး ဆင့်ပွားအသိပညာပေးနေပေမယ့် လက်လှမ်းမမီတဲ့သူတွေကတော့ ရှိနေမြဲဖြစ်ပါတယ်။

ဒေါက်တာ နီလာသိန်း (လင်းရောင်သစ်)၏

“မျက်စိနှာအကြောင်း သိကောင်းစရာ” (ဆောင်းပါး) စာမျက်နှာ-၃

ခုတင်(၂၀၀)ဆံ့ ဆေးရုံ

ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၄-၇-၂၀၀၆
(တနင်္လာနေ့)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်

ယနေ့ကာလသည် နိုင်ငံတော်၌ စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများမှသည် ဘက်စုံစက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုအခြေခံလုပ်ငန်းများစွာကို တိုးချဲ့ထူထောင်လျက်ရှိချိန်ဖြစ်သည်။ စက်မှုလက်မှုလုပ်ငန်းများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် လျှပ်စစ်စွမ်းအား တိုးတက်ဖြန့်ဖြူးသုံးစွဲနိုင်ရေးကိုလည်း စီမံဖြည့်ဆည်းပေးနေပြီဖြစ်သည်။

နိုင်ငံတော်က ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေး၊ နိုင်ငံတော်အတွက် ပိုမိုအကျိုးရှိစေမည့် နည်းပညာရရှိရေး၊ ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ သယံဇာတအရင်းအမြစ်နှင့် ကုန်ကြမ်းများကို ထိရောက်အကျိုးရှိစွာ အသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှုအချိုးတွင် ပုဂ္ဂလိကကဏ္ဍသည် ၈၂ ဒသမ ၃၆ ရာခိုင်နှုန်း ပါဝင်လျက်ရှိရာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားထားရသည့် အင်အားစုပင်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အလားအလာကောင်းမွန်သည့် စက်မှုလုပ်ငန်းများကို ရွေးချယ်ထူထောင် လုပ်ကိုင်သွားကြရမည်ဖြစ်သည်။

အထူးသဖြင့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ပဲနှင့်ပဲထွက်ပစ္စည်း၊ ဂျုံနှင့်ဂျုံထွက်ပစ္စည်းစသည့် စိုက်ပျိုးသီးနှံဆိုင်ရာ စက်မှုလုပ်ငန်းများ၊ သစ်တောထွက်ပစ္စည်းဆိုင်ရာ စက်မှုလုပ်ငန်းများ၊ သား၊ ငါးနှင့်သက်ဆိုင်သော စက်မှုလုပ်ငန်းများ၊ ရော်ဘာ၊ ဝါဂွမ်းစသည့် ပစ္စည်းများနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားသင့်ပေသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်၌ တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် စက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၁၇ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ယခုလာမည့် စတုတ္ထကာလတို (၅)နှစ် စီမံကိန်းတွင် စက်မှုကဏ္ဍ ပါဝင်မှုအချိုးကို ပထမနှစ်ဖြစ်သည့် ၂၀၀၆-၂၀၀၇ ခုနှစ်၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်း၊ ဒုတိယနှစ်မှစ၍ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ ၂၃ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၈ ဒသမ ၉ ရာခိုင်နှုန်းအထိ နှစ်စဉ်တိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယနေ့ကာလတွင် နိုင်ငံတော်က ငွေကြေးနှင့်လူ့စွမ်းအား အရင်းအမြစ်များအပါအဝင် လိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံ ဖြည့်ဆည်းပေးလျက်ရှိရာ နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စနစ်တကျ ပေါင်းစပ်ညှိနှိုင်း၍ အလားအလာကောင်းသော စက်မှုလုပ်ငန်းများကို ရွေးချယ်ထူထောင်လုပ်ကိုင်ရင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းစာတိုက် စက်မှု(၁)လမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင် မိဘများဖြစ်ကြသော ဦးခင်ဇော်(K)နှင့် မြန်မာ့အသံ ဒေါ်သန်းနှစ်တို့အား ရည်စူး၍ သား ဦးလှကြွယ်နှင့် သမီး ဒေါ်ပြုံးခင်ဇော် မိသားစုတို့က အထွေထွေပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ဆယ်အိမ်စုမှူး ဆရာဖြစ် သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ်က ကျင်းပသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲနှင့် ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တပ်နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ရန်ကုန်တပ်နယ် တပ်နယ်မှူး၏ ဇနီး ဒေါ်ခင်ခင်နှင်း က တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲများ၏ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၇၇၁ စောင်ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ထံ ပေးအပ်သည်။ ယင်းနောက် ဆယ်အိမ်စုမှူး ဆရာဖြစ် သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ခွဲများမှ အသင်းဝင် ၁၀၄ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပညာရေးအထောက်အကူ ပြုပစ္စည်းများ လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၃

ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီတွင် ပျဉ်းမနားခရိုင် ခြေလျင်စုကျေးရွာ အမှတ်(၁၅၈) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ခရိုင်အသင်းမှ စာအုပ်၊ ခဲတံများအတွက် လှူဒါန်းငွေ ကျပ် ၂၇၆၀၀ ကို ခရိုင်အတွင်းရေးမှူး ဦးခင်မောင်ဌေးက လည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များက လှူဒါန်းသော ငွေကျပ် ၄၂၀၀၀၀ ကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်ကျော်က လည်းကောင်း၊ အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၃၆) သစ်ဆိမ့်ပင်(အရှေ့) ကျောင်းအတွက် စာသင်ခုံ ၁၀ခုံ တန်ဖိုးငွေ ကျပ် ၁၄၀၀၀၀ ကို အလှူရှင်ဦးသိန်းထွေး-ဒေါ်မြစန်းလှ (နန်းစိန်မုန့်တိုက်)တို့က လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက ပျဉ်းမနားခရိုင်ရှိ အခြေခံပညာ မူလတန်းကျောင်းများအတွက် ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ကြီးများက လက်ခံ ရယူကြသည်။

ယင်းနောက် အခြေခံပညာ မူလတန်းကျောင်း အမှတ် (၁၃၆) သစ်ဆိမ့်ပင် (အရှေ့) ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာသင်ခုံများပြုလုပ်ရန် အလှူငွေ ကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်ကျော်က လက်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စာသင်ခုံများပြုလုပ်ရန်အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။
(ပို့ဆောင်ရေး)

မူးယစ်ကင်းစင် အလှဆင်

မျက်စိနာအကြောင်း သိကောင်းစရာ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

အခုတလော မျက်စိဆေးရုံ၊ ဆေးခန်းတွေမှာ မျက်စိနာသူ လူနာများ အလွန်များပြားလာတာကို တွေ့နေရပါတယ်။ လာပြသရွေ့ လူနာရဲ့ ထက်ဝက်ကျော်ဟာ မျက်စိနာသူများ ဖြစ်ပါတယ်။ 'မျက်စိနီရဲလာလို့၊ မျက်ဝတ်တွေထွက်လို့' 'မနက်အိပ်ရာအထမှာ မျက်ချေးတွေ ပိတ်နေတာ ဖွင့်လို့ တောင်မရပါဘူး'။ 'မျက်စိယားတယ်အောင့်တယ်'ဆိုတဲ့ ခံစားချက်တွေနဲ့အတူ မျက်ခွံတွေရောင်ရမ်းပြီး မျက်မြေးလွှာအောက်မှာ သွေးယိုစိမ့်ပြီး ရောက်လာသူတွေကိုပါ တွေ့ရတာကြောင့် မျက်စိနာခြင်းဆိုတဲ့ မျက်မြေးရောင်ရောဂါအတွက် သတိပေးနှိုးဆော်ဖို့ လိုအပ်လာပြီဖြစ်လို့ အခုလိုရေးသားလိုက်ရပါတယ်။

သာမန်မျက်မြေးရောင်ရောဂါဟာ ဘက်တီးရီးယား၊ ဗိုင်းရပ်၊ ဖန်ဂိုင်၊ ကလမိုင်းဒီးယားပိုးတွေနဲ့ အလားဂျစ် (Allergic)ခေါ်တဲ့ ဓာတ်မတဲ့ခြင်းတွေကြောင့်ဖြစ်ပေါ်လာရပါတယ်။ သာမန်ဘက်တီးရီးယားပိုးကြောင့် မျက်မြေးရောင်ခြင်းဟာ ကလေးတွေမှာ အများဆုံးတွေ့ရပြီး ၁၀ ရက်ကနေ နှစ်ပတ်အကြာမှာ အလိုလိုပျောက်ကင်းသွားနိုင်ပါတယ်။ အခုအချိန်မှာတော့ ကလေး၊ လူကြီးအားလုံးဖြစ်ပွားကြတာကိုတွေ့ရပြီး ရောဂါဖြစ်ပွားစေတဲ့ ဘက်တီးရီးယားတွေကတော့ စတက်ဖလို့ကော့ကပ်အုပ်စု (staph; epidermidis,staph-aureus)၊ စထရက်တိုကော့ကပ်အုပ်စု (Strep-pneumoniae)နှင့် H.influenzaeအုပ်စုတွေပဲဖြစ်ပါတယ်။ ရောဂါကူးစက်ပုံကတော့ ရောဂါပိုးပါဝင်နေတဲ့ မျက်ဝတ်တွေနဲ့ တိုက်ရိုက်ထိတွေ့မိလို့ပဲဖြစ်ပါတယ်။

ဟိုးလွန်ခဲ့တဲ့ ၁၉၆၉ ခုနှစ်က ဂါနာနိုင်ငံမှာ ကပ်ရောဂါအသွင်နဲ့ ပထမဆုံးစတင်ဖြစ်ပွားခဲ့သော (Epidemic ˚Haemorrhagic˚conjuntivitis) ခေါ်ကူးစက်မြန် သွေးလွန်မျက်မြေးရောင်ရောဂါဟာ တဖြည်းဖြည်းနဲ့ တခြားနိုင်ငံများကိုပါ ကူးစက်လာခဲ့ရာကနေ မြန်မာနိုင်ငံမှာလည်း ၁၉၇၁ ခုနှစ်က တစ်ကြိမ်၊ ၁၉၈၁ ခုနှစ်က တစ်ကြိမ် ဖြစ်ပေါ်ခဲ့ပါတယ်။

၁၉၆၉ ခုနှစ် ဂါနာနိုင်ငံမှာ ကပ်ရောဂါအသွင်ဖြစ်ပွားချိန် အမေရိကန်နိုင်ငံမှ အပိုလို(၁၁) အာကာသယာဉ်ကို ပစ်လွှတ်တဲ့အချိန်နဲ့တိုက်ဆိုင်နေလို့ အဲဒီမျက်စိနာကို **'အပိုလိုမျက်စိနာ'**ရယ်လို ကင်ပွန်းတပ်ခဲ့ကြပါတယ်။ အဲဒီအပိုလို မျက်စိနာကတော့ ပီကိုနာဗိုင်းရပ်အုပ်စုဝင် အကောင်တစ်မျိုးကြောင့် ဖြစ်ရတယ်လို့ သုတေသီတွေက ယူဆခဲ့ကြပါတယ်။ တချို့ကလည်း အဒီနိုဗိုင်းရပ် တချို့ကြောင့်လို့ ယူဆခဲ့ကြပါတယ်။

အခုအချိန် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ မျက်စိနာအများစုကတော့ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်ပိုးတွေကြောင့် ဖြစ်ရတယ်လို့ယူဆရပါမယ်။ ရောဂါဖြစ်ပွားသူတွေ များပြားလာပေမယ့် ပြင်းထန်တဲ့အသွင်ကို မတွေ့ရှိရပါဘူး။ ပြည်သူများကလည်း မျက်စိကျန်းမာရေးကို အထူးသတိပြုအလေးထားလာကြသလို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကတစ်ဆင့် ကျန်းမာရေးပညာပေးမှုတွေက ထိရောက်တွင်ကျယ်လာတာကြောင့်ပဲ ဖြစ်ပါမယ်။

မျက်မြေးရောင်မျက်စိနာသူ အများစုဟာ မျက်စိရုတ်တရက် နီရဲလာမယ်။ မျက်စိထဲအမှိုက်ဝင်သလို ခိုးလိုးခုလုနေမယ်။ မျက်ရည်အဆက်မပြတ်ကျမယ်။ မျက်စိပူမယ်။ ယားယံမယ်၊ တစ်ခါတစ်ရံ မျက်စိအောင့်မယ်၊ နာမယ်၊ အလင်းရောင်ကိုမကြည့်နိုင်ဘူး။ မနက်အိပ်ရာအထ မျက်စိဖွင့်ဖို့ခက်လောက်အောင် မျက်ဝတ်(မျက်ချေး)တွေက စေးကပ်စွာပိတ်နေမယ်၊ မျက်စိတစ်ဖက်စဖြစ်ပြီးရင် နောက်တစ်ဖက်ကိုလည်း ကူးစက်မယ်။ မျက်ခွံတွေရောင်ရမ်းပြီး မျက်ဝတ်ခြောက်ဖတ်တွေက မျက်တောင်တွေမှာ ကပ်နေတာတွေ့ရပါတယ်။ မျက်ဝတ်တွေမှာလည်း အရည်ကြည်မျက်ဝတ်၊ စေးကပ်သောမျက်ဝတ်၊ ပျစ်ချွဲသောမျက်ဝတ်၊ ပြည်ကဲ့သို့ မျက်ဝတ်တွေရယ်လို့ အမျိုးမျိုးတွေ့နိုင်ပါတယ်။ ဘက်တီး ရီးယား၊ ကလမိုင်းဒီးယားပိုးကြောင့်ဖြစ်တဲ့ မျက်ဝတ်တွေဟာ မပျစ်တပျစ် ရှိပြီး ဗိုင်းရပ်နဲ့ အလားဂျစ်ကြောင့်ဖြစ်ရင်တော့ အရည်ကြည် မျက်ဝတ် တွေထွက်တတ်ပါတယ်။ ပြည်လိုပျစ်ခဲနေတဲ့ မျက်ဝတ်ဆိုရင်တော့ ပြင်းထန်တဲ့ ဘက်တီးရီးယားပိုးကြောင့်လို့ သုံးသပ်ရပါတယ်။ ဘက်တီးရီးယားကြောင့်နာတဲ့ မျက်စိဆိုရင် ပိုမိုနီရဲနေပြီး ပြင်းထန်တဲ့ ဘက်တီးရီးယားနဲ့ ဗိုင်းရပ်ပိုးတချို့ကြောင့် ဖြစ်ခဲ့ရင်တော့ မျက်မြေးအောက်မှာ သွေးထွက်ခြင်း၊ မျက်စိဝန်းကျင်နှင့် မျက်ခွံတို့ လျင်မြန်စွာ ရောင်ရမ်းခြင်း၊ ထိုမှတစ်ဆင့် မျက်မြေးလွှာတင်မကဘဲ မျက်ကြည်လွှာနဲ့ မျက်စိအတွင်းပိုင်းတွေကိုပါ အနည်းငယ် ရောင်ရမ်းစေနိုင်တဲ့အတွက် မျက်စိနာ ပျောက်ကင်းသွားတဲ့တိုင်အောင် ရက်အတန်ကြာ တစ်ပတ်မှ နှစ်ပတ်ထိ မှုန်ဝါးဝါး ဖြစ်ကျန်ခဲ့တတ်ပါတယ်။ အခြားမျက်စိနာရောဂါတွေထက် ကူးစက်မြန်တာကိုလည်း တွေ့ရပါတယ်။ အဲဒီလို ပြင်းထန်တဲ့ မျက်စိနာရောဂါဖြစ်တဲ့အခါ တချို့လူနာတွေမှာ ကိုယ်အနည်းငယ်ပူပြီး မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ဇက်ထိုးခြင်း၊ လည်ပင်းနဲ့ မေးရိုးအောက်ဝန်းကျင်မှာရှိတဲ့ အကျိတ်တွေ ရောင်ရမ်းခြင်းတို့ ဖြစ်တတ်ပါတယ်။ ရောဂါပိုးရဲ့ ကူးစက်မြန်တဲ့ သဘောကြောင့်လည်း မျက်စိတစ်ဖက်က တစ်ဖက်ကို လျင်မြန်စွာ ကူးစက်သလို လူတစ်ဦးမှ တစ်ဦးကိုလည်း အလွယ်တကူ ကူးစက်နိုင်ကြပါတယ်။

ဒါ့ကြောင့် မိမိအိမ်မှာ မျက်စိနာသူ တစ်ဦးဦးရှိနေရင်၊ ဒါမှမဟုတ် မိမိလုပ်ငန်းခွင်မှာ မျက်စိနာသူတစ်ဦးဦးနဲ့ နီးနီးကပ်ကပ် ဆက်ဆံနေရပြီဆိုရင် မိမိကို မကူးစက်စေဖို့ ကာကွယ်ရပါတော့မယ်။ သင့်တော်တဲ့ ပဋိဇီဝ မျက်စဉ်းတစ်ခုခု (ဥပမာ) Cifran, Ciplox, Oflox, ကလိုရမ်ဖီနီကော၊ ဂျင်တာမိုင်စင်၊ နီယိုမိုင်စင်၊ ဖရန်မိုင်စီတင်၊ တိုဗရာမိုင်စင်၊ တက်ထရာဆိုက်ကလင်း စသဖြင့် မျက်စဉ်းတစ်ခုခုကို တစ်ခါခတ်လျှင် တစ်စက်၊ တစ်နေ့လေးကြိမ်မျှ ခတ်ထားခြင်းဖြင့် ရောဂါဖြစ်ခြင်းမှ အနည်းနဲ့အများဆိုသလို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တကယ်လို့ မိမိကို ကူးစက်ခဲ့ရင်တောင် အခြားသူတွေလောက် ပြင်းထန်စွာ မခံစားရတော့ပါဘူး။ မဖြစ်ခင်က ကြိုတင်ကာကွယ်တယ်ဆိုရာမှာလည်း တစ်ကိုယ်ရေသန့်ရှင်းရေးက အရေးကြီးလှပါတယ်။ ရေကန်၊ ရေဇလုံတွေမှာ မျက်မြေးရောင်သူနဲ့ အတူရေချိုး၊ မျက်နှာသစ်ခြင်းနဲ့အတူ မျက်မြေးရောင်ရာသီမှာ ရေကူးကန်မှာ ရေကူးကြသူတွေ အထူးသတိပြုရမှာ ဖြစ်ပါတယ်။ အဲဒီလို မျက်မြေးရောင် သူနဲ့အတူ ရေကူးမိခြင်း၊ အသုံးအဆောင်ပစ္စည်းတွေဖြစ်တဲ့ မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ၊ မျက်မှန်၊ စာရေးကိရိယာ၊ စာရွက်စာတမ်းများကို အတူတကွ အသုံးပြုခြင်း၊ မျက်စိကိုမလိုအပ်ဘဲ လက်ဖြင့်ပွတ်သပ်ခြင်းတွေကို ရှောင်ရှားကြရမှာ ဖြစ်ပါတယ်။

နောက်တစ်ခု ပြောချင်တာကတော့ ကျွန်မတို့ မြန်မာတွေရဲ့ ကူညီရိုင်းပင်းလိုစိတ်နဲ့ အားနာစိတ်ပါပဲ။ 'ကျွန်မ မျက်စိနာတုန်းက ဒီဆေးခတ်လို့ ပျောက်တာခတ်ကြည့်ပါလား။ ကျွန်တော့်အမေ မျက်စိဖြစ်တုန်းက ခတ်တဲ့မျက်စဉ်း ကျန်သေးတယ်။ ခတ်ကြည့်ပါလား'ဆိုတာမျိုးတွေ၊ မျက်စိနာပြီဆိုတော့ ဆေးရုံ၊ ဆေးခန်းမသွားဘဲ လမ်းထိပ်က ဆေးဆိုင်မှာ 'မျက်စိနာလို့ ခတ်တဲ့မျက်စဉ်းရောင်းပါ'ဆိုပြီး ဆေးရောင်းချသူရဲ့ ကုသမှုကို လွဲမှားစွာခံယူပြီး ဘဲနှုတ်သီး မျက်စဉ်းတွေကို အလွယ်တကူ ခတ်နေကြတာကို မြင်နေရတော့ အတော်ရင်မောမိပါတယ်။ အရင်တုန်းက မျက်စိနာလို့ ခတ်တယ်ဆိုတဲ့ မျက်စဉ်းဟာ မျက်နက်ရောင်ရောဂါဖြစ်လို့ မျက်စိဆရာဝန်ကပေးထားတဲ့ အထရိုပိန်းလို မျက်စဉ်းမျိုး၊ ရေတိမ်ရောဂါဖြစ်လို့ ခတ်နေရတဲ့ ပိုင်လိုကာပိန်းလို သူငယ်အိမ်ကျဉ်းစေတဲ့ မျက်စဉ်းမျိုး၊ သူတို့အမေတွေ၊ အဘွားတွေ မျက်စိခွဲတုန်းက ခတ်တဲ့ မျက်စဉ်းက စတီးရွိုက်ပါတဲ့ မျက်စဉ်းတွေဆိုတာ သူ့ရောဂါနဲ့သူ အံဝင်ခွင်ကျသုံးရတဲ့ မျက်စဉ်းမျိုးပါ။

အဲဒီမျက်စဉ်းတွေကို အလွယ်အသုံးပြုနေကြတော့ အခတ်မတော် မျက်စဉ်းတစ်စက်ရယ်ကြောင့် မျက်စိတစ်ဖက်ပျက်လို့ ဘဝဆုံးရှုံးရတာတွေကိုတွေ့နေရပါတယ်။ မျက်စဉ်းဆေးတွေ လွဲမှားစွာ အသုံးပြုခြင်း၊ ရောင်းချခြင်းနဲ့ပတ်သက်ပြီး ဆေးဝါးရောင်းချသူများအတွက် မြန်မာနိုင်ငံဆေးနှင့်ဆေးကုန်သည်ကြီးများအသင်းက ကြီးမှူးဖွင့်လှစ်တဲ့ သင်တန်းမှာလည်း အပတ်စဉ် သင်တန်းပို့ချပြီး ဆင့်ပွားအသိ ပညာပေးနေပေမယ့် လက်လှမ်းမမီတဲ့ သူတွေကတော့ ရှိနေမြဲ ဖြစ်ပါတယ်။

မျက်စိနာနေသူကို ဦးစွာစတီးရွိုက်ပါတဲ့ မျက်စဉ်းတွေကို ချက်ချင်း မပေးရပါဘူး။ (တကယ်လို့ မျက်စိနာတာဟာ မျက်ကြည်လွှာရောင်ရမ်းတာနဲ့ ပူးတွဲဖြစ်နေခဲ့ရင် အန္တရာယ်အတော် ဖြစ်နိုင်ပါတယ်။) စတီးရွိုက်ရဲ့ အာနိသင်တွေဖြစ်တဲ့ မျက်စိနီတာ၊ ရဲတာ၊ ရောင်တာကို သက်သာ ပျောက်ကင်းနိုင်ပေမယ့် အသားနုတက် နှေးကွေးခြင်း၊ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားကို လျော့နည်းစေခြင်းစတဲ့ ဆိုးကျိုးတွေကရှိနေကြပါတယ်။ အမှန်တကယ်တော့ အဲဒီစတီးရွိုက်မျက်စဉ်းတွေဟာ သူ့ရောဂါနဲ့သူ (ဥပမာ) မျက်နက်ရောင်ရောဂါ၊ မျက်စိခွဲစိတ်ပြီး လူနာများ၊ ဓာတ်မတည့်လို့ဖြစ်တဲ့ နာတာရှည် မျက်မြေးရောင်ရောဂါတွေမှာတော့ အလွန်အသုံးတည့်တဲ့ဆေးတွေဖြစ်ပေမယ့် ဒီဆေးတွေပေးတော့မယ်ဆိုရင် ကျွန်မတို့ မျက်စိဆရာဝန်တွေတောင်မှ မျက်ကြည်လွှာ အခြေအနေကို သေချာစွာ သုံးသပ်စစ်ဆေးပြီးမှသာ အသုံးပြုနိုင်တာဖြစ်ပါတယ်။

ဒါ့ကြောင့် သာမန်မျက်စိနာ မျက်မြေးရောင်ပြီဆိုပါတော့ ဘာတွေလုပ်ကြမလဲ။ ဦးစွာပထမ မျက်စဉ်းတွေ မခတ်မီမှာ မျက်ခွံနဲ့ မျက်တောင်တွေမှာ ကပ်နေတဲ့ မျက်ဝတ်တွေကို သန့်ရှင်းတဲ့ ဂွမ်းဖတ်လေးနဲ့အရင်ဆုံး ဖယ်ရှားပစ်ရပါမယ်။ ပြီးမှ ပဋိဇီဝမျက်စဉ်းတွေဖြစ်တဲ့ အထက်ကဆိုခဲ့တဲ့ Cifran,Ciplox, Oflox, ကလိုရမ်ဖီနီကော့၊ တိုဗရာမိုင်ဆင်၊ ဂျင်တာမိုင်စင်၊ ဖရင်မိုင်စီတင်လို ဆေးတွေကို ရောဂါ အနုအရင့်လိုက်လို့ တစ်နာရီ တစ်ကြိမ် နှုန်းကနေ တစ်နေ့ကို လေးကြိမ်မှ ခြောက်ကြိမ် အထိခတ်နိုင်ပါတယ်။ ရောဂါပြင်းထန်မှသာ အထက်က ဆိုခဲ့တဲ့ ကော်တီဆုံးပါတဲ့ ဆေးတွေနဲ့ ကုသရမှာဖြစ်လို့ သက်ဆိုင်ရာ မျက်စိကုဌာနတွေကို သွားရောက်ပြသပြီး မှန်ကန်တဲ့ကုသမှုကို ခံယူကြပါလို့ တိုက်တွန်းလိုပါတယ်။ (ရန်ကုန်မြို့ မျက်စိဆေးရုံကြီးက မျက်စိပြင်ပလူနာဌာနကိုလည်း နေ့စဉ်ဖွင့်လှစ်ထားတာမို့ မည်သူမဆို အခမဲ့ လာရောက်ပြသနိုင်ပါတယ်။ အရေးပေါ်လိုအပ်သည့် လူနာများ အတွက်လည်း ၂၄ နာရီဖွင့်လှစ်ထားရှိပါတယ်။) နောက်ဆုံးတစ်ခုကတော့ ဒီရာသီမှာ ကိုယ်ခံအားမြင့်မားစေဖို့အတွက် အာဟာရဖြစ်စေမယ့် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို လုံလောက်စွာ စားသုံးဖို့လိုပါတယ်။ အထူးသဖြင့် ဗီတာမင်စီဓာတ်ကြွယ်ဝသော အစားအစာများနှင့် Vitamin C ကို တစ်နေ့ လျှင် ၅၀၀မီလီဂရမ်မျှ (ဆရာဝန်ညွှန်ကြားချက်အရ) စားသုံးထားခြင်းဖြင့် ရောဂါကို ခံနိုင်ရည်စွမ်းအားမြှင့်တင်ပေးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အိပ်ရေးဝဝအိပ်ပြီး ညဉ့်နက်သန်းခေါင်အထိ တီဗွီ၊ ဗီဒီယို ကြည့်ခြင်းကို ရှောင်ကြဉ်ကြဖို့ အရေးကြီးပါတယ်။

နိဂုံးချုပ်အားဖြင့် အထူးသတိပြုကာကွယ်ရမယ့် အချက်တွေဖြစ်တဲ့

၁။ စက်ရုံ၊ အလုပ်ရုံ၊ ရုံးများ၊ စာသင်ကျောင်းများတွင် မျက်စိနာသူများ ရှိပါက မိမိတို့အိမ်တွင်သာ နားနားနေနေနေ၍ ဆေးကုသမှု ခံယူစေခြင်းဖြင့် မျက်စိနာရောဂါ ကူးစက်ခြင်းမှ ကာကွယ်နိုင်ပါမယ်။

၂။ မျက်စိနာသူနှင့်အတူ ရေဇလုံတစ်ခုတည်း အတူ မျက်နှာသစ်၊ ရေချိုးခြင်းကို ရှောင်ကြဉ်ကြ၍ ရေကူးကန်များတွင် မျက်စိနာသူများနှင့်အတူ ရေကူးခြင်းကို ရှောင်ကြဉ်ရန်။

၃။ မျက်စိနာသူ၏ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် လက်ကိုင်ပဝါ၊ မျက်နှာ သုတ်ပဝါ၊ ခေါင်းအုံး၊ အိပ်ရာ၊ ဖောင်တိန်၊ မျက်မှန်စသည်တို့ကို အတူတကွအသုံးမပြုကြဘဲ သီးခြားသုံးစွဲရန်၊ တစ်ခါသုံး တစ်ရှူးစက္ကူစများဖြင့် မျက်ဝတ်များကို သုတ်ပြီးနောက် အမှိုက်ပုံးထဲသို့ သေချာစွာစွန့်ပစ်ရန်။

၄။ မလွှဲမရှောင်သာ၍ ကိုင်တွယ်ထိစပ်မိပါကလည်း ကိုင်တွယ်ပြီးသည်နှင့် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပြီး တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုရန်၊ မလိုအပ်ဘဲ မျက်စိကိုလက်ဖြင့်ပွတ်ခြင်းမှ ရှောင်ကြဉ်ရန်။

၅။ အကယ်၍ မျက်စိအနည်းငယ်နီ၍ ခိုးလိုးခုလုခံစားလာရပါက ထိရောက်မှုမရှိသော ဆေးမြီးတိုများဖြင့် ကုသမနေကြဘဲ တတ်ကျွမ်းနားလည်သည့် သက်ဆိုင်ရာ မျက်စိဆရာဝန်များနှင့်သာ ကုသမှုခံယူကြ၍ အဖိုးအနဂ္ဃထိုက်တန်လှသည့် သင်၏စက္ခုအာရုံ မပျက်စီးမဆုံးရှုံးရလေအောင် ထိန်းသိမ်းကြပါစို့ လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

❄ မိမိအိမ်မှာ မျက်စိနာသူ တစ်ဦးဦးရှိနေရင်၊ ဒါမှမဟုတ် မိမိလုပ်ငန်းခွင်မှာ မျက်စိနာသူ တစ်ဦးဦးနဲ့ နီးနီးကပ်ကပ် ဆက်ဆံနေရပြီဆိုရင် မိမိကို မကူးစက်စေဖို့ ကာကွယ်ရပါတော့မယ်။ သင့်တော်တဲ့ ပဋိဇီဝမျက်စဉ်းတစ်ခုခု (ဥပမာ) **Cifran, Ciplox, Oflox,** ကလိုရမ်ဖီနီကော၊ ဂျင်တာမိုင်စင်၊ နီယိုမိုင်စင်၊ ဖရန်မိုင်စီတင်၊ တိုဗရာမိုင်စင်၊ တက်ထရာဆိုက်ကလင်း စသဖြင့် မျက်စဉ်းတစ်ခုခုကို တစ်ခါခတ်လျှင် တစ်စက်၊ တစ်နေ့လေးကြိမ်မျှ ခတ်ထားခြင်းဖြင့် ရောဂါဖြစ်ခြင်းမှ အနည်းနဲ့အများဆိုသလို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

❄ ဒီရာသီမှာ ကိုယ်ခံအားမြင့်မားစေဖို့အတွက် အာဟာရဖြစ်စေမယ့် ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကို လုံလောက်စွာ စားသုံးဖို့လိုပါတယ်။ အထူးသဖြင့် ဗီတာမင်စီဓာတ်ကြွယ်ဝသော အစားအစာများနှင့် **Vitamin C** ကို တစ်နေ့လျှင် ၅၀၀မီလီဂရမ်မျှ (ဆရာဝန်ညွှန်ကြားချက်အရ) စားသုံးထားခြင်းဖြင့်၊ ရောဂါကို ခံနိုင်ရည်စွမ်းအား မြှင့်တင်ပေးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။

တရုတ်နှင့်ဘယ်လ်ဂျီယံ တိုက်ရိုက်လေကြောင်းလိုင်း ဖွင့်လှစ်

ဘရပ်ဆယ် ဇူလိုင် ၂၂

တရုတ်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံ တိုက်ရိုက်ဆက်သွယ်ပျံသန်းသော ခရီးသည်လေကြောင်းလိုင်းကို ဇူလိုင် ၂၀ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဘိုအင်း ၇၆၇-၃၀၀ အီးအာ အမျိုးအစား လေယာဉ်ခရီးစဉ် အမှတ်အိပ်ချ်ယူ ၄၉၁ လေယာဉ်သည် တရုတ်နိုင်ငံ ပေကျင်းမြို့နှင့် ဘယ်လ်ဂျီယံသို့ တိုက်ရိုက်ပျံသန်းသော ပထမဆုံး လေယာဉ်အဖြစ် ဘရပ်ဆယ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇူလိုင် ၂၀ ရက် ညနေတွင် အောင်မြင်စွာ ဆိုက်ရောက်ခဲ့သည်။

အဆိုပါလေကြောင်းလိုင်းကို တရုတ်နိုင်ငံ ဟေနန်လေကြောင်းလိုင်းနှင့် အက်စ်အန် ဘရပ်ဆယ်လ် လေကြောင်းလိုင်းတို့ ပူးတွဲလုပ်ကိုင်ကြသည်။

တရုတ်နှင့် ဘယ်လ်ဂျီယံ တိုက်ရိုက်ပွဲဦးထွက် ပျံသန်းပြေးဆွဲမှု ပြုလုပ်ရာလေဆိပ်သို့ ဘယ်လ်ဂျီယံဝန်ကြီးချုပ်ဗာဟောဖ်စတက်ဒ်နှင့် ဘယ်လ်ဂျီယံလွှတ်တော်ဥက္ကဋ္ဌ ဟာမန်ဒီကရိုတို့ ရောက်ရှိလာသည်။

ဖွင့်ပွဲနေ့မှာပင် လေကြောင်းခရီးစဉ်အမှတ် အိပ်ချ်ယူ ၄၉၂ လေယာဉ်သည် ဘရပ်ဆယ်မြို့မှ ပေကျင်းသို့ ပထမဆုံး ပျံသန်းရောက်ရှိလာသည်။

ဘယ်လ်ဂျီယံတွင် လေယာဉ်လက်မှတ်စတင်ရောင်းချပြီး ငါးနာရီအတွင်းမှာပင် လက်မှတ်များအားလုံး ကုန်သွားကြောင်း ဘရပ်ဆယ်မြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်-ဘယ်လ်ဂျီယံ တိုက်ရိုက်ပျံသန်းသော လေယာဉ်ခရီးစဉ်ကို ရက်သတ္တပတ်လျှင် အင်္ဂါ၊ ကြာသပတေး၊ စနေနှင့် တနင်္ဂနွေနေ့တို့တွင် ပျံသန်း ပြေးဆွဲသွားရန် စီစဉ်ထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဆီအမ်ပင်လယ်အပန်းဖြေစခန်းရှိ ပင်လယ်ရေအောက်၌ လှေ့လာနေသူနှစ်ဦးကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နီပေါ၌ ခရီးသွားလုပ်ငန်းစီမံကိန်းချမှတ်မည်

ခတ္တမန္ဒူ ဇူလိုင် ၂၂

နီပေါနိုင်ငံ၌ ယခုနှစ် အောက်တိုဘာလထက် နောက်မကျဘဲ ခရီးသွားလုပ်ငန်းစီမံကိန်းတစ်ရပ် ချမှတ်ရန် စီစဉ်လျက်ရှိကြောင်း ဟိမဝန္တာတိုင်းစ်သတင်းစာက သောကြာနေ့တွင် ဖော်ပြသည်။

ပါဝင်

အဆိုပါ စီမံကိန်းတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ချဲ့ထွင်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းပျံသန်းမှု ဝန်ကြီး ပရာဒစ်ဂျာဝါလီ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

လနှင့် အင်္ဂါဂြိုဟ် တရုတ်စူးစမ်းလေ့လာမည်

ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံသည် လာမည့်ငါးနှစ်တာကာလတွင် လနှင့်အင်္ဂါဂြိုဟ်အပါအဝင် အာကာသ စူးစမ်းလေ့လာရေးကို အလေးအနက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာကာသစူးစမ်းလေ့လာရေး အထက်တန်း တာဝန်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အထူးသဖြင့် ကမ္ဘာနှင့် လတို့၏ ဆက်နွှယ်မှုကို သိပ္ပံနည်းကျ သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာတွင် လူသားမျိုးနွယ် အသက်ရှင်ရပ်တည်နိုင်ရေး၊ အာကာသသိပ္ပံ ဆက်စပ်လေ့လာရေးနှင့် သိပ္ပံဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်လေ့လာရေးတို့ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

(၃၆) ကြိမ်မြောက် အာကာသ သုတေသနသိပ္ပံဆိုင်ရာ အစည်းအဝေးတွင် တရုတ်အမျိုးသား အာကာသ သိပ္ပံဌာန အုပ်ချုပ်ရေးမှူး ဆန်လိုင်ယန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လာမည့်ငါးနှစ်တာကာလတွင် သိပ္ပံပညာရှင်များ စူးစမ်းသွားမည့် အဓိကအာကာသ သိပ္ပံဆိုင်ရာ ဘာသာရပ်များတွင် အာကာသဆိုင်ရာ နက္ခတ္တဗေဒနှင့် နေဆိုင်ရာ ရူပဗေဒပညာ၊ အာကာသဆိုင်ရာ ရူပဗေဒနှင့် နေအဖွဲ့ အစည်းလေ့လာရေးပညာ၊ ကမ္ဘာ့ဆွဲအား အနုစိတ်လေ့လာရေးဆိုင်ရာ သိပ္ပံဆိုင်ရာ ဘာသာရပ်နယ်ပယ်များ ပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်တောင်ပိုင်း စပါးစိုက်ခင်းများ၌ အပင်ဖျက်ပိုးများ ကူးစက်ပျံ့နှံ့မှုဖြစ်ပွား

ဟနွိုင်း ဇူလိုင် ၂၂

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းရှိ စပါးစိုက်ခင်းများ၌ ပိုးများ ကျရောက်လျက်ရှိရာ ဖျက်ပိုးများ ကူးစက်ပျံ့နှံ့ခြင်းကို ကာကွယ်ရန် စပါးဧကထောင်ပေါင်းများစွာကို ဖျက်ဆီးပစ်ရဖွယ်ရာရှိကြောင်း ဇူလိုင် ၂၁ ရက်ထုတ် ဗီယက်နမ်လူငယ်သတင်းစာက ဖော်ပြသည်။

စပါးကျီ

ထိုဒေသသည် ဗီယက်နမ်နိုင်ငံအတွက် စပါးကျီဟု ခေါ်ဆိုရမည့် ဒေသပင်ဖြစ်သည်။ ယင်းမဲခေါင်မြစ်ဝကျွန်းပေါ်ဒေသသည် ဗီယက်နမ်၏စပါးအထွက်ထက်ဝက်ကို ထုတ်လုပ်ပေးနေသော ဒေသဖြစ်သည်သာမက ဆန်ပို့ကုန်၏ ၉၀ ရာခိုင်နှုန်းမှာလည်း ထိုဒေသမှပင် ထုတ်လုပ်ပေးကြောင်း သိရသည်။ ထိုမြစ်ဝကျွန်းပေါ်ဒေသရှိ စပါးစိုက်ခင်း ဟက်တာ ၃၈၀၀၀ တွင် အပင်ရောဂါနှင့် ပိုးမွှားများ ကျရောက်ဖျက်ဆီးလျက်ရှိသည်။

စပါးတင်ပို့မှု

ဗီယက်နမ်နိုင်ငံသည် လာမည့်ငါးနှစ်အတွင်း စပါးတင်ပို့မှုကို နှစ်စဉ်တန်ချိန်လေးသန်း တင်ပို့သွားရန် ရည်မှန်းချက် ချမှတ်ထားသည်။ ထိုရည်မှန်းချက် အကောင်အထည်ဖော်ရန် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် စပါးစိုက်ခင်းဟက်တာ တစ်သန်းနှင့် မြောက်ပိုင်း မြစ်နီမြစ်ဝကျွန်းပေါ်ဒေသတွင် ဟက်တာ သုံးသိန်း စိုက်ပျိုးပြီး စပါးထွက် တန် ၃၆ သန်းရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ဆင်ခြေဖုံးတွင် ရေလွှမ်းမိုးနေသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂေါက်သီးဘောလုံးကို မျိုထားသည့် မြွေတစ်ကောင်အား ခွဲစိတ်ကုသရန်အတွက် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဟိုမိုဆက်ဆာမြို့ တိရစ္ဆာန် ကုသရေးဆေးရုံ၌ ဓာတ်မှန်ရိုက်ကူးထားသည်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



နိုင်ငံတကာသတင်းများ

ဂျပန် ထောက်လှမ်းရေးဂြိုဟ်တု စက်တင်ဘာလတွင် လွှတ်တင်မည်

တိုကျို ဇူလိုင် ၂၂

ဂျပန်နိုင်ငံက ထောက်လှမ်းရေးဂြိုဟ်တုလေးလုံး လွှတ်တင်ရန် စီစဉ်ထားသည့်အနက် တတိယဂြိုဟ်တုကို စက်တင်ဘာလလယ်လောက်တွင် လွှတ်တင်ရန် ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိကြောင်း ကျိုဒိုသတင်းဌာနက ဇူလိုင် ၂၁ ရက်သတင်းတွင် ဖော်ပြခဲ့သည်။

တတိယဂြိုဟ်တု

ယင်းတတိယ ထောက်လှမ်းရေးဂြိုဟ်တုကို ဂျပန်နိုင်ငံတောင်ပိုင်း ကာရိုရှီးမားပြည်နယ်ရှိ တာနီဂါရှီးမား အာကာသလွှတ်တင်ရေးဗဟိုစခန်းမှ စက်တင်ဘာ ၁၀ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။ လွှတ်တင်ရာတွင် အိတ်ချ်-၂အေ ဒုံးပျံကို အသုံးပြု၍ အာကာသပတ်လမ်းအတွင်း လွှတ်တင်သွားမည်ဖြစ်သည်ဟု အစိုးရအရာရှိများကို ကိုးကား၍ သတင်းဖော်ပြခဲ့သည်။ ဤဂြိုဟ်တုသည် အလင်းနှင့် အမြင်ဆိုင်ရာ ကိရိယာများကို အသုံးပြုထားသော ဂြိုဟ်တုအမျိုးအစားဖြစ်သည်။

လွှတ်တင်သွားမည်

တတိယဂြိုဟ်တု လွှတ်တင်ရေးအစီအစဉ် အောင်မြင်လျှင် ဂျပန်နိုင်ငံသည် ရေဒါထောက်လှမ်းရေးစနစ် တပ်ဆင်ထားသော နောက်ထပ်ဂြိုဟ်တုတစ်လုံးကို ၂၀၀၇ ခုနှစ် အစောပိုင်းတွင် လွှတ်တင်သွားမည်ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆူနာမီဒုက္ခသည်များ စားနပ်ရိက္ခာလိုအပ်

စီယာမစ်(အင်ဒိုနီးရှား) ဇူလိုင် ၂၂

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် ဆူနာမီရေလှိုင်း ရိုက်ခတ်မှုနှင့် တွေ့ကြုံခဲ့ရသော ဒုက္ခသည်စခန်း အချို့၌ စားနပ်ရိက္ခာအကူအညီ လိုအပ်လျက်ရှိကြောင်း ကယ်ဆယ်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အနောက်ဂျာဗားပြည်နယ် အစိုးရအဖွဲ့သည် ဆူနာမီဒုက္ခသည်များအား အကူအညီများပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြည်နယ် အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေကြောင်းခရီးဖြင့် ဘေရွတ်မှ ထွက်ခွာလိုသူများ ပြန်လည်ခေါ်ယူနိုင်ရန် အိန္ဒိယကြိုးပမ်းနေ

နယူးဒေလီ ဇူလိုင် ၂၂

လက်ဘနွန်တိုက်ပွဲများကြားမှ မိသားစုလိုက် တိမ်းရှောင်ထွက်ပြေးကြသူများတွင် အိန္ဒိယမိသားစုများလည်း ပါဝင်ကြောင်း၊ အိန္ဒိယနိုင်ငံသား ၅၀နီးပါးသည် ကုန်းလမ်းမှ ထွက်ပြေးခဲ့ကြကြောင်း၊ လက်ဘနွန်မှ ထွက်ပြေးလိုသူ အိန္ဒိယနိုင်ငံသားများအား ပြန်ခေါ်ရေးအတွက် သင်္ဘောလေးစင်းကို ဘေရွတ်မြို့တော်သို့ စေလွှတ်လိုက်ကြောင်း အိန္ဒိယ အစိုးရ တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ကယ်တင်မည်

အဆိုပါသင်္ဘောများသည်လက်ဘနွန် နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော အိန္ဒိယနိုင်ငံသားများကို ကယ်တင်ပေးမည် ဖြစ်ကြောင်း အိန္ဒိယသံရုံးအရာရှိတစ်ဦးက ပြောဆိုသည်။

နေထိုင်

လက်ဘနွန်နိုင်ငံ၌ အိန္ဒိယနိုင်ငံသား ၁၂၀၀၀၊ သီရိလင်္ကာ နိုင်ငံသား ၈၀၀၀၀ ခန့်တို့ နေထိုင်ကြပြီး သီရိလင်္ကာနိုင်ငံသားများကလည်း လက်ဘနွန်မှ ပြန်လိုကြသည်ဆို၏။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ၎င်းနိုင်ငံသားများ ထွက်ခွာရေးအတွက် အကူအညီများ တောင်းထားသည်။ အရှေ့အလယ်ပိုင်းဒေသတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ထောင်ပေါင်း များစွာ ရောက်ရှိနေသည်။ အများစုမှာ ဆော်ဒီအာရေဗျ နိုင်ငံတွင် ရောက်နေသည်။

လက်ဘနွန်နိုင်ငံ၌ အိန္ဒိယငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင် ၆၀၀ ကျော် ရှိနေသည်။

အင်တာနက်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ပထမဆုံး ဇီဝအက်သနောလောင်စာ အရောင်းဆိုင်ကို ဇူလိုင် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှားတွင် နိုင်ငံခြားသား အလုပ်သမား ၁ ဒသမ ၈ သန်းရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၂

မလေးရှားနိုင်ငံတွင် ယခုနှစ် မတ်အထိ ဖော်ပြထားသော အခြေပြစာရင်းအရ နိုင်ငံခြားသား အလုပ်သမား ၁၈၅၀၀၆၃ ရှိကြောင်း၊ နိုင်ငံခြားသားအလုပ်သမားများအနက် အများစုမှာ အင်ဒိုနီးရှားလူမျိုးများဖြစ်ကြောင်း မလေးရှား ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

ပါမစ်ဖြင့် နေထိုင်

မလေးရှားနိုင်ငံတွင် ယာယီအလုပ်လုပ်ကိုင်ခွင့် ပါမစ်များဖြင့် နေထိုင်သော အင်ဒိုနီးရှားဦးရေမှာ ၁၂၈၅၀၃၆ဦး ရှိကြောင်း၊ နီပေါလူမျိုးအလုပ်သမား ၂၀၀၂၂၀ ရှိပြီး၊ အိန္ဒိယလူမျိုး အလုပ်သမား ၁၃၉၇၁၆ဦးရှိကြောင်း ပြည်ထဲရေးဝန်ကြီး ဘရာဇီရှိတ်အာမက်က ပြောကြားသည်။ ***အင်တာနက်။***

အရှေ့အလယ်ပိုင်းဒေသ အကျပ်အတည်းအဆုံးသတ်ရေး ရုရှားနှင့် ဂျာမနီခေါင်းဆောင်များ တိုက်တွန်း

မော်စကို ဇူလိုင် ၂၃

အစ္စရေးနှင့် လက်ဘနွန်တို့၏ အကျပ်အတည်း အဆုံးသတ်စေရေးအတွက် ကမ္ဘာ့နိုင်ငံများက ညှိညှိနှိုင်းနှိုင်း ကြိုးပမ်းဆောင်ရွက်ကြရန် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဂျာမနီဝန်ကြီးချုပ် မာကဲလ်တို့က သောကြာနေ့တွင် တိုက်တွန်းလိုက်ကြသည်။

လက်ဘနွန် အကျပ်အတည်းနှင့် ပတ်သက်၍ သမ္မတ ပူတင်နှင့် မာကဲလ်တို့ တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း ကရင်မလင်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ပုံမှန်အခြေအနေ ပြန်လည်ဖြစ်ပေါ်စေရေး အတွက် ကမ္ဘာ့နိုင်ငံများက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လုပ်ငန်းစဉ်နှင့် အညီ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် လက်တွဲဆောင်ရွက်ကြရန် ရုရှားနှင့် ဂျာမနီနိုင်ငံတို့က တိုက်တွန်းကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဝါရှင်တန်မြို့ရှိ အမျိုးသားလေကြောင်းနှင့် အာကာသပြတိုက်တွင် အင်္ဂါဂြိုဟ်ဆိုင်ရာ ဓာတ်ပုံများကို ဇူလိုင် ၂၁ ရက်က လေ့လာကြည့်ရှုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စင်းလုံးငှားလေယာဉ် စားပြတိုက်ခိုက်ခံရမှု စုံစမ်းစစ်ဆေးနေ

ဂျိုဟန်နက်စဘတ် ဇူလိုင် ၂၂

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့ တောင်ဘက်ကီလိုမီတာ ၄၀၀ အကွာရှိ ဘလုမ် ဖောင်တိန် လေယာဉ်ကွင်းတွင် စင်းလုံးငှား လေယာဉ်ဖြင့် သယ်ဆောင်သွားမည့် ငွေများ စားပြတိုက်ခံခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

စားပြများနှင့်အတူ ပါသွားသော ငွေပမာဏအနည်းအများကိုမူ သတင်းတွင် ဖော်ပြထားခြင်းမရှိပေ။ လူ ၁၀ ဦးမှ ရှစ်ဦးအထိ ပါဝင်သော စားပြတစ်စုကို ဖရီးစတိတ်ပြည်နယ်မှ ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေနေကြကြောင်း ထိုပြည်နယ်မှ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒုတိယရဲမှူး အယ်လ်ဆာဂါဘာက ပြောကြားသည်။

အင်တာနက်။

ဗြိတိန်နိုင်ငံသားတစ်ဦးကို အမေရိကန် တရားစွဲဆို

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း ကွန်နီတီကက်ပြည်နယ်တွင် ဗြိတိန်နိုင်ငံသားတစ်ဦးကို အမေရိကန်အာဏာပိုင်များက တရားစွဲဆိုထားသည်။ ပြည်သူများအား ထိခိုက်ဒဏ်ရာရစေမှုနှင့် သတ်ဖြတ်မှုတွင် လှို့ဝှက်စွာ ပူးပေါင်း ကြံစည်ခြင်းနှင့် အကြမ်းဖက်သမားများကို ပစ္စည်းများကူညီထောက်ပံ့ခြင်းစသည့် စွဲချက်များဖြင့် တရားစွဲဆိုခြင်း ဖြစ်သည်။

သင်္ကာမကင်းခံရသူ ဆီရက်ဒ် တယ်လ်ဟာအာရှန်ကို ဇူလိုင်၁၉ ရက်က လန်ဒန်မြို့ရှိ ၎င်း၏ နေအိမ်တွင် ဖမ်းဆီးခဲ့သည်။ ၎င်းကို ပြစ်မှုကျူးလွန်ခဲ့ရာ နိုင်ငံသို့ လွှဲပြောင်းပေးရန် အမေရိကန်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ အရှေ့တောင်ပိုင်း လူဇုန်ကျွန်းရှိ မေယွန်မီးတောင်မှ ဓာတ်ငွေ့များ မှုတ်ထုတ်နေသည်ကို ဇူလိုင် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟန်ဂေရီတောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့တွင် ဇီဝလောင်စာစက်ရုံ ဆွစ်ကုမ္ပဏီတည်ဆောက်မည်

ဘူဒါပက် ဇူလိုင် ၂၂

ဟန်ဂေရီနိုင်ငံ တောင်ပိုင်း မိုဟက်စ်မြို့တွင် ဆွစ်ဇာလန်နိုင်ငံ ယူနိုက်တက် ဇီဝလောင်စာကုမ္ပဏီက ဇီဝအက်သနောစက်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ဖော်ပြသည်။

ယင်းလောင်စာစက်ရုံတွင် အလုပ်သမား ၈၀ ဖြင့် လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လောင်စာပမာဏ ကုဗမီတာ ၁၀၀၀၀၀ ထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်းနှင့် အဆိုပါစက်ရုံကို ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးရန် မျှော်မှန်းထားကြောင်း မိုဟက်စ်မြို့တော်ဝန် ဂျိုဇက်ဖ်ဆာကိုက ပြောကြားသည်။

အဆိုပါစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ဟန်ဂေရီ-ဩစတြီးယား ဖက်စပ်ကုမ္ပဏီ ဒူနာမီလက်စ်တီစီက ဆောင်ရွက်မည်ဖြစ်သည်။

ဟန်ဂေရီနိုင်ငံရှိ အခြားသော ဇီဝ အက်သနောလောင်စာစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ယင်းကုမ္ပဏီမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဟန်ဂေရီနိုင်ငံတွင် ပိုလျှံနေသော နှံစားသီးနှံများကို အသုံးပြု၍ သုံးနှစ်တာကာလအတွင်း ဇီဝလောင်စာ ထုတ်လုပ်နိုင်ရန် ဟန်ဂေရီနိုင်ငံအစိုးရက နည်းလမ်းရှာဖွေ ကြိုးပမ်းလျက်ရှိသည်။

မျှော်လင့်

စိုက်ပျိုးရေးဆိုင်ရာ ထွက်ကုန်များမှ ထုတ်လုပ်သော ဇီဝလောင်စာက ဟန်ဂေရီနိုင်ငံ၏ အနာဂတ် လောင်စာသုံးစွဲမှုတွင် ၄၀ ရာခိုင်နှုန်း အချိုးအစားအထိ ဖြည့်ဆည်းပေးနိုင်ရန် မျှော်လင့်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နှစ် ၁၀၀၀ ခန့်က ရေတွင်း ငါးတွင်း တရုတ်အရှေ့ပိုင်းတွင် တွေ့ရှိ

နန်ချန် ဇူလိုင် ၂၂

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စီပြည်နယ် ကျီအန်မြို့တွင် နှစ်ပေါင်း ၁၀၀၀ ခန့်က ရေတွင်းငါးတွင်းကို တရုတ်သိပ္ပံပညာရှင်များက တွေ့ရှိကြသည်။

အဆိုပါ ရေတွင်းများကို ယစ်ပူဇော်ပွဲများတွင် သုံးစွဲခဲ့ကြသည်။ မြေအောက်တွင် ရွှံ့ညွန်များဖြင့်ပြည့်နေသော ရေတွင်းများကို တူးဖော်တွေ့ရှိရသည်။ ယင်းရေတွင်း အုတ်ခဲအကျိုးအပဲ့များသည် တန်မင်းဆက် (၆၁၈-၉၀၇)နှင့် ဆွန်မင်းဆက် (၉၆၀-၁၁၂၇) လက်ထက်က ရှိခဲ့သော ရေတွင်းများဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒါ့ကြောင့်ပါလား

☆ မြစ်ရေဖြတ်သန်း၊ မုန်းမန်းချောင်းဖြတ်ကျော်
ညီငယ်ပျော်ရာ၊ ရေနောက်ကမ်း
စိမ်းလန်းလွင်ပြင်၊ စလင်းခွင်ကို
တမင်သွားရောက်
တစ်ထောက်ရပ်နား၊ ညီဘွားရပ်မြေ
ခြေနေရပ်ရပ်၊ အကဲခတ်ခဲ့။

☆ မှတ်မှတ်ထင်ထင်၊ စလင်းခွင်ကို
ယခင်ရှေးခါ၊ သွားလာခဲ့စဉ်
မြစ်ပြင်ရေ၊ ဖြတ်ကျော်ရာနှင့်
ဆင့်ကာမုန်းမန်း၊ ဖြတ်သန်းဖို့ရာ
ကူးတို့ပါမှ၊ ရောက်ခဲ့ရ၏။

☆ ခုများခုခါ၊ ရေမုန်းမန်း
ဖြတ်သန်းထိုးထား၊ တံတားများနှင့်
လမ်းများပြေချော၊ လမ်းကြောသာယာ
သွားလာယှက်လှယ်၊ ကားငယ်ကားကြီး
ခရီးတွင်စွာ၊ သွားနေတာကို
သေချာမြင်ရ၊ ဝမ်းသာလှ၏။

☆ သွားရင်းလာရင်း၊ ဤမြင်ကွင်းမှာ
နစ်မျောကာဖြင့်၊ ဆရာသခင်
ဟိုယခင်က၊ သူမြင်ချင်တာ
ဖွင့်ကာနှုတ်ဖျား၊ "တံတားဖြတ်ကူး
မင်းဘူးမကွေး၊ လုပ်ပေးနိုင်က
ကောင်းလေစွ"ဟု၊ မြွက်ဟဆိုဟန်
စကားသံသည်၊ လွင့်ပျံ့ရောက်လာ
နားမှာလာထိ၊ ကြားယောင်မိခဲ့။

☆ သြော် ဆရာသခင်
သူမြင်ချင်တာ၊ ဒါ့ကြောင့်ပါလား
သွားလာပျော်ရွှင်၊ ဝန်းကျင်ဝဲယာ
ရှိနေတာကို၊ သေချာတွေ့မြင်
ကြည်ရွှင်စိတ်ဓာတ်၊ သိအမှတ်ဖြင့်
မှတ်ချက်ပြုလိုက်မိပါ၏။ ။

ဖိုးဝ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ တက္ကသိုလ်ကြီးများတွင် ပညာသင်ကြားလျက်ရှိကြသော ပညာသင်မြန်မာရဟန်းတော်များအတွက် ပညာရေးအလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် အေးချမ်းသာယာလမ်းနေ ဒေါက်တာဦးရဲမြင့်-ဒေါက်တာဒေါ်သိန်းသိန်းမြင့်၊ သား-ဒေါက်တာမျိုးမြင့်ဦး၊ သမီး-ဒေါက်တာမြသီတာ၊ မြေး-ခွန်းအဂ္ဂဦး မိသားစုက ဇူလိုင် ၃ရက်တွင် အရှင်ဥက္ကဋ္ဌ (အဖွဲ့အထွေထွေအတွင်းရေးမှူး) ရှေ့မှောက်၌ အကျိုးတော်ဆောင် ဒေါ်အေးအေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဇူလိုင် ၂၂ ရက်က တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ်(၁၅) ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်တွင် သုခကာရီအလယ်ဗဟိုဆောင် မွမ်းမံပြင်ဆင်ရန်အတွက် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းနေ ကွယ်လွန်သူ ဦးရွှေဝင်း-ဒေါ်သိန်းသိန်းအေး မိဘနှစ်ပါးအားရည်စူး၍ ဦးစံရှိန်-ဒေါ်အေးမြခိုင်၊ ညီမ ဒေါ်ခင်ပြုံးမြင့်၊ သား မောင်သန့်ဇင်စိုး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သလ္လာအရှင်ပဏ္ဍိတ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးမုံ ကျန်းမာရေးအင်တာနက်သတင်း

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်မှု စူပါကွန်ပျူတာသုံး၍ ဟောကိန်းထုတ်မည်

လန်ဒန် ဇူလိုင် ၂၃

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်မှု ဘေးအန္တရာယ်ကို ကြိုတင်ဟောကိန်းထုတ်နိုင်ရေးအတွက် စူပါကွန်ပျူတာတစ်လုံးကို အသုံးချဆောင်ရွက်မည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ဇူလိုင် ၂၂ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သော နေရာဒေသများအား ခန့်မှန်းဖော်ထုတ်ရာတွင် ဘလူးစီ (Blue c) ဟု အမည်ပေးထားသော စူပါကွန်ပျူတာကို အသုံးပြုမည်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များက ပြောကြားသည်။

ဘလူးစီကွန်ပျူတာသည် ဥရောပရှိ စူပါကွန်ပျူတာများအနက် စွမ်းပကားအမြင့်မားဆုံး ကွန်ပျူတာဖြစ်ပြီး ဗြိတိန်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးအစီအစဉ် ဆောင်ရွက်ရာ၌ အထောက်အကူရရှိမည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် စူပါကွန်ပျူတာဖြင့် ကြက်ငှက်သတ္တဝါများ ရွှေ့ပြောင်းနေထိုင်မှုပုံစံများကို ကူးဆွဲမည်ဖြစ်ပြီး ရောဂါဖြစ်ပွားနိုင်ဖွယ်ရှိသော နေရာဒေသများကို ကြိုတင်ခန့်မှန်းဖော်ထုတ်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့ဒေသ တစ်နေရာမှ အခြားတစ်နေရာသို့ ခရီးရှည်ပျံသန်းတတ်သော ငှက်များသည် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို သယ်ဆောင်နိုင်စွမ်းရှိသည်။

စူပါကွန်ပျူတာများသည် လျှပ်စီးလက်သကဲ့သို့ အလွန်လျင်မြန်သော နှုန်းဖြင့် အလုပ်လုပ်နိုင်သည်။ ယနေ့ကာလတွင် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း တစ်ထရီလီယံအထိ အလုပ်လုပ်နိုင်သော စူပါကွန်ပျူတာများ ပေါ်ပေါက်လာပြီဖြစ်သည်။ (တစ်ထရီလီယံ = ၁ နောက်တွင် သုည ၁၂ လုံးပါရှိသည်။)

ဘလူးစီကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း သန်း ၂၀၀၀ကျော်အထိ လုပ်ဆောင်ပေးနိုင်ကြောင်း ဆွန်းဆီးတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း သန်း ၂၀၀၀ကျော် ပြုလုပ်နိုင်သော စူပါကွန်ပျူတာခန်းမကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီဂျစ်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်၊ အဗ္ဗဒယ်လ်ဟာမစ်၊ မီနေစီးနေရာတွင် မစ္စတာ ရှော့ဆက်ဖ်ကာမဲလ် ဘူးထရို့စ်ဟန်နာအား ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ ရှော့ဆက်ဖ်ကာမဲလ် ဘူးထရို့စ်ဟန်နာသည် ၁၉၅၈ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၁ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ သံတမန်အဖြစ် ဂါနာ၊ မော်လတာ၊ အီကွေဒေါနှင့် ဟောင်ကောင်မြို့များရှိ အီဂျစ်သံရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ၎င်းသည် ကိုင်ရို၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တရုတ်နှင့် မွန်ဂိုလီးယားဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဘာသာစကားအနေဖြင့် ပြင်သစ်နှင့် အင်္ဂလိပ်စာကို တတ်မြောက်သည်။

မစ္စတာ ရှော့ဆက်ဖ်ကာမဲလ် ဘူးထရို့စ်ဟန်နာသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ၎င်းတွင် သမီးသုံးဦးရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၆ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၃၀ ကလေးတို့အတွက် လက်ဆောင် (ကြာပန်းနှင့် ဗျိုင်းအရုပ် ခေါက်နည်း)
- ၇:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၀၀ Music Talk (ဂီတလုလင်ဦးကိုကို၊ ဒေါက်တာဇော်သန်း)
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
- ၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၀ မေးကြည့်၊ဖြေကြည့်ပဟေဠိ
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ပြိုင်ကားထုတ်လုပ်မှု)
- ၉:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၀ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (Rဇာနည်နှင့်ဝမ်း)
- ၁၀:၂၀ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ (အပိုင်း-၁)
- ၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ ရောင်ပြန်ဟပ်ခြင်း (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၁:၀၀ ပုံရိပ်ဖမ်းစားဓာတ်ပုံ အနုပညာသည်များ (မိုးမင်း Rays)
- ၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၀ ရွှေစက်တော်ဘေးမဲ့တော
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ရေငွေ့သုံးဆန်အရောင်တင်စက်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၃

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ဇူလိုင်၁၆ရက်တွင် မရမ်းကုန်းမြို့နယ် လေဆိပ်လမ်းရှိ မရမ်းကုန်း အမက(၂၄)တွင် ဆရာမကြီး ဒေါ်ခင်စုကြီးမှူး၍ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများက ကျောင်းပိုင်စိုက်ကွင်းတွင် ခြံစည်းရိုးကြက်ဆူပင်၃၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

(ပညာရေး)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၂၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၃

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယားခရီးသွား အခန်းဆက်ဆောင်းပါးတို့နှင့်အတူ ယာဉ်မောင်းလိုင်စင်သက်တမ်းကျော်လွန်က ပေးဆောင်ရမည့်ဒဏ်ကြေးငွေ တိုးမြှင့်သတ်မှတ်၊ ရန်ကုန်မြို့တွင် ရေလျှံမှုများဖြစ်ပေါ်ရခြင်းမှာ မြစ်ကြမ်းပြင်မြင့်တက်မှုနှင့် ချောင်းကြီးများ တိမ်ကောလာခြင်းကြောင့်လည်းပါ၊ ကားခိုးမှုရှစ်မှုဖော်ထုတ်နိုင်ခဲ့၊ ကားခိုးမခံရစေရန် လုံခြုံရေးစနစ်များဖြင့် ကာကွယ်ရန်လို၊ လတ်တလော ဖြစ်ပွားနေသော မျက်မြေးရောင်နှင့် မျက်စိနာရောဂါမှာ ဗိုင်းရပ်စ်ပိုးတစ်မျိုးနှင့် ဘက်တီးရီးယားပိုးတစ်မျိုးတို့ကြောင့်ဖြစ် စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အရှေ့တိုင်းနှင့်အနောက်တိုင်း ရှေးဟောင်းပုံစံတူ သင်္ဘောနှစ်စင်းဆုံကြမည်၊ တွေ့လျှင်သတင်းပို့ပါ၊ မဝေဘဲလှောင်ထားသောစာများနှင့်အတူ စာပို့သမားကို လက်ပူးလက်ကျပ်မိ စသည့် နိုင်ငံတကာသတင်းများ၊ အီတလီဇာတ်ရှုပ်ဘယ်သူအမြတ်ထုတ် အားကစားသတင်း ဆောင်းပါးနှင့်အတူ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေး ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။

(က-ပ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

စည်းကမ်းကောင်းမွန်ရေး ကျောင်းတက်မှန်ရေး စနစ်တကျဆောင်ရွက်
ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ရှိ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါ တက္ကသိုလ်ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအုန်းမြင့်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ-ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာကံဇော်က တက္ကသိုလ်သမိုင်းအကျဉ်း၊ ဖွင့်လှစ်သင်ကြားသော သင်တန်းများ၊ ပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်း ပြည့်မီရေးအတွက် ဆောင်ရွက်ချက်များ၊ ဘာသာရပ်အလိုက် တတ်မြောက်မှု စစ်ဆေးချက်များ၊ သင်ကြားချိန်ဖြည့်စွက်သင်ကြားပေးမှုများ၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ချက်များ၊ ပါရဂူဘွဲ့ သင်တန်းသားများ၏ ကျမ်းပြုစုမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများက ဌာနအလိုက် သင်ကြားရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရေး၊ လက်တွေ့သင်ကြားရေး၊ တတ်မြောက်မှုစစ်ဆေးရေး၊ ဆွေးနွေးပွဲနှင့် စာတမ်းများပြုစုရေး၊ ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်း ပြည့်မီရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းသား ကျောင်းသူများ စည်းကမ်းကောင်းမွန်ရေး၊ ကျောင်းတက်မှန်ရေးနှင့် ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်းပြည့်မီရေးအတွက် စနစ်တကျဆောင်ရွက်ရေး၊ သင်ကြားမှုတတ်မြောက်ရေး၊ တတ်မြောက်မှုစစ်ဆေးရေး၊ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာရေး၊ ခေတ်မီအီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားရေး၊ ဘာသာရပ်ဆိုင်ရာများကို အင်တာနက်မှ ထုတ်နုတ်လေ့လာရေး၊ နိုင်ငံအကျိုးပြု စာတမ်းများပြုစုရေး၊ ဆွေးနွေးပွဲများ ထိရောက်ရေး၊ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး၊ ဌာနအလိုက် ဆောင်ရွက်ချက်မှတ်တမ်းများထားရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပဲခူးဒီဂရီကောလိပ်

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ပဲခူးဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီ ၄၅မိနစ်တွင် အဆိုပါ ကောလိပ် ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်စာစဉ်များ အချိန်မီ ဖြန့်ဝေနိုင်ရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဝေးသင်တက္ကသိုလ် ရူပဗေဒ၊ ဓာတုဗေဒနှင့် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ ပညာကို တတ်မြောက်အောင် သင်ယူရေး၊ လက်တွေ့ဘာသာရပ်များ လုပ်ဆောင်ရေး၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာမေးပွဲဖြေဆိုရေးတို့ကို မှာကြားသည်။

လှည်းကူးပညာရေးကောလိပ်

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် လှည်းကူးပညာရေးကောလိပ်ရှိ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ကောလိပ် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက သင်ကြားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများ၏ ရူပဗေဒ၊ ဓာတုဗေဒနှင့် သတ္တဗေဒ ဘာသာရပ် လက်တွေ့ လုပ်ဆောင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကောလိပ်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအားတွေ့ဆုံပြီး ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးအောင် မွေးထုတ်ပေးနိုင်သည့် ဆရာ ဆရာမများဖြစ်အောင် ကြိုးစားရေး၊ စည်းမျဉ်းစည်းကမ်း လိုက်နာရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရန်ကင်းပညာရေးကောလိပ်

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကင်း ပညာရေးကောလိပ်ရှိ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အဆိုပါကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆရာ ဆရာမများ အရည်အသွေးပြည့်မီရေး၊ သင်ရိုးညွှန်းတမ်းများ အဆင့်မီရေး၊ သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးပြုရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဘာသာရပ်အလိုက် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးသည် ဘာသာရပ်အလိုက် သင်ပြနည်းဆိုင်ရာ သင်ထောက်ကူပစ္စည်းများ ပြသထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးအေးကို-ဒေါ်သိဂီ သားသမီးတစ်စုတို့က အလှူတော်ငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာ ဖွင့်ပွဲကျင်းပ
စာတိုက်နှင့် တယ်လီဖုန်းရှိသဖြင့် အနယ်နယ်သို့ အလွယ်တကူ ဆက်သွယ်နိုင်
ကျေးရွာမီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပြနှင့်မခြား ဖွံ့ဖြိုးတိုးတက်

ရန်ကုန် ဇူလိုင် ၂၃

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးခင်မောင်ကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ စုစုပေါင်း ၁၈၅၀ ကျော် တက်ရောက်သည်။ နမ့်ခုတ်ကျေးရွာသည် ဟိုပုံးမြို့၏ တောင်ဘက် ၁၃မိုင်၊ ဟိုပုံးမြို့နှင့် ဆီဆိုင်မြို့သို့ ဆက်သွယ်သော မော်တော်ကားလမ်းပေါ်တွင်တည်ရှိပြီး စံပြကျေးရွာ အင်္ဂါရပ်များနှင့် ညီညွတ်သော ကျေးရွာ တစ်ရွာဖြစ်သည်။

သားဖွားခန်းဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင် နမ့်ခုတ်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ သားဖွားခန်းအား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။(သတင်းစဉ်)

ရှေးဦးစွာ နမ့်ခုတ်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲတွင် သားဖွားခန်းဖွင့်ပွဲ ကျင်းပရာ ရှမ်းပြည်နယ် ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်က သားဖွားခန်းဖွင့်လှစ်နိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

သက်ကြီးပူဇော်

ထို့နောက် နမ့်ခုတ်စံပြကျေးရွာ မဟာအောင်မြေ ကေတုမတီပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ သက်ကြီးပူဇော်ပွဲကိုကျင်းပရာ သက်ကြီးဘိုးဘွား ၂၀အားကန်တော့၍ ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ဦးဆောင်ပြီး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကားပြောကြားပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က အမျိုးသမီး ရေးရာအကြောင်းကို ဆွေးနွေးသည်။

လူမှောင်ခိုပပျောက်ရေး

ထို့နောက် တာဝန်ရှိသူများက လူမှောင်ခိုနှင့် လူကုန်ကူးမှု ပပျောက်ရေး၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးတို့ကို ဆွေးနွေးသည်။ ဆက်လက်ပြီး ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဖုံး၊ သွန်၊ လဲ၊ စစ် လက်တွေ့သရုပ်ပြခြင်းနှင့် ခြင်ထောင်စိမ်ဆေးပြား အသုံးပြုနည်းများကို လက်တွေ့ပြသသည်။

ဆက်လက်၍ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် နမ့်ခုတ်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူ ၃၀ အား အာဟာရများ ကျွေးမွေးသည်။ ဆက်လက်၍ ကျောင်းခန်းမ၌ ကျင်းပသော ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲသို့ တက်ရောက်၍ ကျောင်းသား ကျောင်းသူများသို့ ဗလာစာအုပ်ဒါဇင် ၆၀၊ ခဲတံဒါဇင် ၃၀၊ ပေတံဒါဇင် ၂၀တို့ကို ပေးအပ်သည်။

ထို့နောက် နမ့်ခုတ်စံပြကျေးရွာ ကျေးလက် ကျန်းမာရေးဌာနတွင် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင် ဦးဆောင်သော ပြည်နယ်အထူးကု ဆရာဝန်ကြီးများ၊ ဆေးကုသနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။ပြည်နယ် အထူးကုဆရာဝန်ကြီးများအဖွဲ့မှ မျက်စိလူနာ၊မီးယပ်သားဖွားလူနာ၊သွားရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ စုစုပေါင်း ၃၂၉ ဦးအား အခမဲ့ဆေးကုသပေးခဲ့သည်။

ဆက်လက်၍ သုတဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော စာအုပ် ၁၀၀ကို ပေးအပ်ရာ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သုခက လက်ခံယူသည်။ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါချို့က စာအုပ် ၁၀၀ ကို လည်းကောင်း၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းစည်းရုံးရေးမှူး ဦးမောင်လွင်က အလှူငွေကျပ် ၁၀၀၀၀ကို လည်းကောင်း လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးကျော်ထွန်းက လက်ခံယူသည်။

ထို့နောက် နမ့်ခုတ်ကျေးရွာ စံပယ်ဖြူကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးထွန်းအောင်နှင့် အလှူရှင် ဦးခွန်စံလွင်-ဒေါ်တင်တင်ဝင်းတို့ ကိုယ်စား ဦးမျိုးဇင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဖွင့်လှစ်လိုက်သော စံပယ်ဖြူလမ်းသစ်မှာ အရှည်ပေ ၅၈၀၊ အကျယ် ၁၂ ပေ ဖြစ်ပြီး လှူဒါန်းငွေကျပ် ၁၉သိန်း ဖြစ်သည်။

နမ့်ခုတ်စံပြကျေးရွာတွင် အိမ်ထောင်စု ၇၇၁စု၊ လူဦးရေ စုစုပေါင်း ၃၇၈၆ဦး နေထိုင်လျက်ရှိရာ ကျေးရွာသောက်သုံးရေအတွက် သဘာဝရေထွက်များမှ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိသည်။ နမ့်ခုတ်ကျေးရွာတွင် စိုက်ပျိုးမြေ ၃၇၂ ဧကရှိရာ စပါး၊ ပဲပုပ်၊ ပြောင်း၊ ကြံ၊ သနပ်ဖက်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်တို့ကို အများအပြားစိုက်ပျိုးကြသည်။

နမ့်ခုတ်စံပြကျေးရွာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်တစ်ခု၊ အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်းတစ်ခုရှိသဖြင့် အမြို့မြို့အနယ်နယ်သို့ အလွယ်တကူဆက်သွယ်နိုင်သည်။ ကျေးရွာ မီးလင်းရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားမှ (၄) ကေဗွီအေ ဓာတ်တစ်လုံး၊ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ် ၂၀ဖြင့် ကျေးရွာ လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးရွာတွင် ရုပ်မြင်သံကြားဖမ်းစက် ၂၂ခုတို့ဖြင့် ဖမ်းယူကြည့်ရှုနေပြီဖြစ်ရာ နမ့်ခုတ်စံပြကျေးရွာသည် မြို့ပြများနှင့်မခြား ဖွံ့ဖြိုးတိုးတက်နေကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဆေးရုံများတွင် စေတနာရှင်ပြည်သူလူထု၏လှူဒါန်းငွေများဖြင့် ဆေးပဒေသာပင်များထူထောင်ပြီး ယင်းဆေးပဒေသာပင်များမှရရှိလာသောအတိုးငွေကို ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးကုသမှုထောက်ပံ့ပေးနေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံ ဆေးပဒေသာပင် အလှူရှင်တို့အား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

✧ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက် ၈နာရီတွင် ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံခန်းမဥ္စကျင်းပသည့် ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူရှင် ဗိုလ်မှူးမောင်လတ် (ငြိမ်း) နှင့် ဇနီး ဒေါ်နန်းယဉ်ယဉ်တို့က ပြင်ဦးလွင်မြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပြင်ဦးလွင်မြို့ ခုတင်(၂၀၀) ဆံ့ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) စိုးစံလေ့ကျင့်ရေးစခန်းက ဆေးပဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

အဆိုပါ ပြင်ဦးလွင်မြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း) စိုးစံလေ့ကျင့်ရေး စခန်းက ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ အလှူရှင် ဗိုလ်မှူးမောင်လတ် (ငြိမ်း)နှင့်ဇနီး ဒေါ်နန်းယဉ်ယဉ်တို့က ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ပြင်ဦးလွင်မြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံ ဆေးပဒေသာပင် အတွက် အလှူငွေ ပေးအပ်လှူ ဒါန်း ပွဲ တွင် ကျန်းမာရေးဝန်ကြီး ဌာ န ဝန်ကြီး ဒေါက်တာကျော်မြင့် ကျေး ဇူး တင် စကား ပြောကြား စဉ်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားနီးနွယ်နေသည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လျက်ရှိပါကြောင်း။

လမ်းညွှန်ခဲ့

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ မန္တလေးတိုင်းခရီးစဉ်တွင် ပြင်ဦးလွင်ခုတင်(၁၀၀)ဆံ့ ဆေးရုံကို ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်ထားရှိ၍ အထူးကုဌာနများဖြစ်သည့် နှလုံးရောဂါကုဌာန၊ ကျောက်ကပ်ဌာန၊ ထိခိုက်မှုနှင့် ဦးနှောက်အာရုံကြောခွဲစိတ်ကုဌာနများ တိုးချဲ့ထားရှိရန်နှင့် တောင်စခန်းမြို့၊ အနားယူအပန်းဖြေစခန်းမြို့ဖြစ်သည်နှင့်အညီ ဆေးရုံကိုလည်း စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရန်၊ စီမံတည်ဆောက်ရန် လမ်းညွှန်ခဲ့ပါကြောင်း။

ပြင်ဦးလွင်ဆေးရုံကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တိုးချဲ့တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အောင်မြင်စွာဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြွရောက်ချီးမြှင့်ခဲ့ပါကြောင်း၊ ဆေးရုံများတွင် စေတနာရှင်ပြည်သူလူထု၏ လှူဒါန်းငွေများဖြင့် ဆေးပဒေသာပင်များထူထောင်ပြီး ယင်းဆေးပဒေသာပင်များမှရရှိလာသော အတိုးငွေကို ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးကုသမှု ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆေးပဒေသာပင်များ၏ အကျိုးကျေးဇူးကြောင့်လည်း ဆင်းရဲနွမ်းပါးသောလူနာများ ဆေးဝါးကုသမှု အခမဲ့ ရရှိနိုင်နေပြီဖြစ်ပါကြောင်း။

ဆေးပဒေသာပင်တိုးတက်

စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကြောင့် ဆေးရုံများတွင် ဆေးပဒေသာပင်များ တိုးတက်လျက်ရှိပါကြောင်း။

ဗိုလ်မှူးမောင်လတ် (ငြိမ်း) နှင့် ဇနီး ဒေါ်နန်းယဉ်ယဉ် မိသားစု အနေဖြင့် ပြင်ဦးလွင်ဆေးရုံကြီး တိုးချဲ့ဓာတ်မှန်ဆောင်နှင့် သွေးလှူဘဏ်တို့အတွက် အလှူငွေများ လှူဒါန်းခြင်း၊ အော်တိုအိတ်ချိန်း၊ အထူးသီးသန့်လူနာဆောင်၊ ခွဲစုပ်စက်နှင့် Infusion Pump များ၊ အဝီစိတွင်း၊ ရေတွင်းရေကန်များကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့တွင်လည်း ဆေးပဒေသာပင်သို့ အလှူငွေကျပ်သိန်းတစ်ထောင် ပေးအပ်လှူဒါန်းရာ အလှူရှင်မိသားစုအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အလှူရှင်တို့အား နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှု၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် အခြားနီးနွယ်နေသည့် ဝန်ကြီးဌာနများ ပေါင်းစပ် ညှိနှိုင်းမှု၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၊ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လျက်ရှိ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၆ (တနင်္လာနေ့)

၁၃၆၈ခုနှစ်၊ ဝါဆိုလကွယ် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ မေဓာဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာစေဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ ရွှေလီတံတား
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Islands of Dhamma.
၈:၅၀ ၁၁။ **ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ မဟာအောင်မြေဘုံစံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း**
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ **ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဋ္ဌမ အကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)**
၄:၅၀ ၄။ အဆိုပြိုင်ပွဲ
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၅ ၈။ မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ
၅:၄၅ ၉။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)**
၅:၅၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၂၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၅ ၁၃။ ကမ္ဘာ့ဝိပဿနာစေတီတော်
၆:၅၀ ၁၄။ **"တစ်ချက်ခုတ်ဆယ်ချက်ပြတ်ရနိုင်တဲ့အကျိုးအမြတ်" (ရှမ်းပြည်နယ်မြောက်ပိုင်း)**
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဇူလိုင်နံနက်ခင်း" (အပိုင်း-၁၁)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အိပ်မက်လှလှ" (အပိုင်း-၁၃)**
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာစွမ်းအင်အဖွဲ့ ဆွေးနွေးပွဲတက်ရောက်ရန် လာအိုနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ခေါင်းဆောင်သော စွမ်းအင် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၄ရက်မှ ၂၈ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ တတိယအကြိမ် အာဆီယံနှင့် ဆွေးနွေးဘက် သုံးနိုင်ငံတို့၏ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ စွမ်းအင်စီးပွားရေးလုပ်ငန်းများ ဆွေးနွေးပွဲတို့သို့ တက်ရောက်ရန် ဇူလိုင် ၂၃ရက်တွင် နေပြည်တော် လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော စွမ်းအင် ကိုယ်စားလှယ်အဖွဲ့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော စွမ်းအင်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင် ငါးဦးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အစဉ် သတိပြုကာကွယ် မီးဘေးအန္တရာယ်

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဧရာဝတီတိုင်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၂ရက်တွင် ပုသိမ်မြို့တော်ခန်းမ၌ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ဝန်ထမ်းများလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ထားကာ တရားဥပဒေနှင့်အညီ အဂတိတရားကင်းရှင်းစွာ လုပ်ဆောင်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ ခြိုးခြံချွေတာစုဆောင်းရေး၊ မိသားစုများ ၁၀မျိုး၊ ၁၀ပင်၊ ဘူးတစ်စင် မဖြစ်မနေ စိုက်ပျိုးရေး၊ ဝန်ထမ်းများလုပ်ငန်းများကို စိတ်ဓာတ်၊ စည်းကမ်းကောင်းပြီး စေတနာထား၍ စည်းရုံးရေးအသွင်ဖြင့် လုပ်ဆောင်သွားရန်တို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပုသိမ်အကျဉ်းထောင်သို့ ကြည့်ရှုစစ်ဆေးရာ ဧရာဝတီတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးသန်းဦးက အကျဉ်းထောင်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မအူပင် တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်၊ ဖျာပုံခရိုင်အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား အမှာစကား ပြောကြားစဉ်။

(ပြည်ထဲရေး)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၈) ဖွင့်ပွဲသို့ တက်ရောက်စဉ်။

(စွမ်းအင်)

ရန်ကုန်-သန်လျင်တံတားအနီးရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်ဖွင့်ပွဲ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ်(၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့် ရန်ကုန်-သန်လျင်တံတားအနီးရှိ အဆိုပါ အရောင်းဆိုင်ရှေ့၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ရန်ကုန်တိုင်းမော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်တို့က မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၈)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည် ကြည့်ရှုကြရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စောထွန်း လမ်း၊တံတား လုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၂၁ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့မှ မင်းတပ်-ကံကြီး-ဆောလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မိုးတွင်းကာလ လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆောမြို့မှ ကန်ပက်လက်မြို့သို့ ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက် လမ်း၊တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ကန်ပက်လက်မြို့နယ် အင်ဂျင်နီယာရုံးသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

မြို့နယ်အင်ဂျင်နီယာရုံး၌ မင်းတပ်ခရိုင် အင်ဂျင်နီယာမှူး ဦးလှထွန်းဦးက ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း အခြေအနေနှင့် လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးအောင်တို့က ဟားခါး-ဂန့်ဂေါလမ်း အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ချင်းပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးငွန်စန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဆော-ကန်ပက်လက်လမ်းတွင် လမ်းတံတားချဲ့ရန် ကျန်ရှိသည့် ကျောက်ချောလမ်းအပိုင်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် ဟားခါး-ဂန့်ဂေါလမ်းကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ကျောက်များ စတင်စုဆောင်း၍ လိုအပ်သည့် စက်ယာဉ်ယန္တရားများပါ စုဆောင်းလျက် အဆင်သင့်ဆောင်ရွက်နိုင်အောင် စီစဉ်ကြရန်တို့ကိုမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် (၅)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလင်းရောင်စာကြည့်တိုက်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ဆွေးနွေးပွဲ(၄/၂၀၀၆)ကို ဇူလိုင် ၁၄ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန် ရှင်းလင်းဆွေးနွေးစဉ်။

(မြို့နယ်ပြန်/ဆက်)

➪ တပ်မတော်(ကြည်း၊ရေ၊လေ)မှ

လူမှုရေးအသင်းအဖွဲ့ဝင်များ၊အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဝိနယာရာမ(ရွှေကျီးသာ)ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိနယစာရ ထံမှ ပရိတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးများအား သက်နီးအစရှိသော လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့က ဆရာတော်ဘဒ္ဒန္တဝိနယစာရနှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်းက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ ဦးရန်ဟိုး(AMC Co, Ltd)က ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၃၀၃၀၀၀၊ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ ဦးဝင်းနိုင်-ဒေါ်အိအိရွှေ (Myanmar Asia Express Co Ltd)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ – KN ကုမ္ပဏီ)နှင့် ဦးသိုင်းဝင်း-ဒေါ်ဌွေးဌွေးညွှန့် (BTB Co, Ltd)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမြင့်အောင်-ဒေါ်မျိုးမျိုး (မြစ်မင်းဧရာကုမ္ပဏီ)၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၊ သီရိသုဓမ္မသီဂိဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်း (ခနအောင်အုပ်စု –Production Co.Ltd)နှင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-သီရိသုဓမ္မသီဂိ ဒေါ်ကြည်ကြည်ဆွေ (သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်)တို့က ငွေကျပ်နှစ်သိန်းစီ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ၁၅သိန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရီမွန်(ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၁၅၀၀၀၀၊ ဦးမြင့်စိုး- ဒေါ်ရှင်မိနှောင်း (ပွင့်လန်းစားသောက်ဆိုင်)၊ ဦးကျော်စန်းဦး-ဒေါ်စန်းစန်းမြင့်၊ ဦးဖေထွန်းအောင်-ဒေါ်ခင်မာကြည်(ထူးကဲ ဆန်ဆီရောင်းဝယ်ရေး)နှင့် ဦးတင်လှ (Camel International) တို့က ငွေကျပ် ၁၁၀၀၀၀စီ အပါအဝင် အလှူရှင် ၃၄ ဦးတို့က ဆွမ်းပဒေသာပင် အလှူတော်ငွေ ကျပ် ၆၆၈၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဝိနယာရာမ(ရွှေကျီးသာ)ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိနယစာရ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် ဓမ္မမာလာဝတ်အသင်းက အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၅၀၅အိတ်၊ ဆီ ၃၀၉ ပိဿာ၊ ပဲ ၃၉၉ ပိဿာ၊ အိုင်အိုဒင်းဆား ၁၉၉၆ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံဘူး ၄၉၀ နှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၆၆၈၅၀၀၀ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေပေးအပ်ပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက်ခုနစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်တို့က သီလရှင်ဆရာကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီ (ရန်ကုန်)အနီးရှိ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၁ တိုက်မှ ပဓာန နာယက ဆရာတော်ကြီးများ၊ ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်ရှစ်တိုက်မှ သီလရှင် ဆရာကြီး၊ ဆရာလေးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၃၉၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၉၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်နှစ်သိန်း၊ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်သို့ ကွယ်လွန်သူ ဦးမောင်မောင်ခဆွေအားရည်စူး၍ မရမ်းကုန်းမြို့နယ် အမှတ် (၂၄) G ပြည်သူ့လမ်း (၇)မိုင်နေ သီရိသုဓမ္မသီဂိ ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီး ကေခိုင်ခ မိသားစုက ငွေကျပ် ၄၅သိန်း၊ နာဂလိုဏ်ဂူ ကလေးဝတောရ ကျောင်းတိုက်သို့ တွံတေးမြို့ "ကျော်" မိသားစု အိမ်ဆောက်ပစ္စည်းနှင့် မွေးမြူရေး အစားအစာရောင်းဝယ်ရေးဆိုင်မှ မခင်ထွေးရီ၊ မခင်ထွေးကြည်၊ မခင်ထွေးသိမ်းတို့က ငွေကျပ် ၁၀သိန်း၊ ချမ်းမြေ့ဂုဏ်ဝေသီလရှင် စာသင်တိုက်သို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဗိုလ်ဉာဏလမ်းနှင့် ဝိဇ္ဇာလမ်းမိသားစုက ငွေကျပ် ၄၅၀၀၀၀၊ ဘုရင့်နောင်ပွဲရုံ သာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ကမ္ဘာအေးရွှေနှင်းဆီ စာသင်တိုက်သို့ ဦးသိန်းဝင်း – ဒေါ်နီ (ရွှေသံလွင်ကုမ္ပဏီ) မိသားစုတို့က ငွေကျပ် လေးသိန်းစီ၊ (ဦးသိန်းမောင်) – ဒေါ်ပါးပါး စန္ဒီပရဆေးရောင်းဝယ်ရေးက ငွေကျပ် ၃၀၃၀၀၀၊ ဝိဇယာရာမကျောင်းတိုက်သို့ ရန်ကင်းမြို့နယ် ပါရမီလမ်းနေ ဦးရီမောင်-ဒေါ်အေးအေးမြင့်မိသားစု၊ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်နေ ဒေါ်စုစုလှိုင်မိသားစု၊ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ပြည်သူများ၊ ရွှေမြိုင်သီရိသီလရှင် စာသင်တိုက်သို့ ဦးလင်းဝင်း-ဒေါ်ရီရီစိန် (လင်းဝင်းကုမ္ပဏီ) မိသားစု၊ ဦးသွန်း-ဒေါ်တင်တင်အေး မိသားစု၊ မရမ်းကုန်း မြို့နယ် သီရိမွန်ပလာဇာဝင်းသာယာရေးနှင့် တိုက်ခန်းကြီးကြပ်ရေးအဖွဲ့၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

လှူဒါန်းငွေလက်ခံ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး** ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၁ တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

❊ စာမျက်နှာ ၁၀ မှ

မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ပြည်သူများ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN Co., Ltd) မိသားစုတို့က ငွေကျပ် သုံးသိန်းစီ၊ ရွှေမြိုင်သီရိသီလရှင် စာသင်တိုက်သို့ ဦးဝင်းဆွေ - ဒေါ်မင်းသွယ်နု၊ သားရပ်ရှင်သရုပ်ဆောင် ခန့်စည်သူ မိသားစုနှင့် ဆန်းမြန်မာကုမ္ပဏီတို့က ငွေကျပ် ၂၅၀၀၀၀စီ၊ ဦးရဲအောင် - ဒေါ်လဲ့လဲ့ဝင်း သီရိကုဋေကြွယ်ကုမ္ပဏီ လီမိတက် (ကြက်ဆူစိုက်ပျိုးရေးအဖွဲ့)က ငွေကျပ် ၂၀၈၀၀၀၊ မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ပြည်သူများ၊ အမှတ်(၇) ရပ်ကွက်ရှိ ပြည်သူများ၊ အမှတ်(၈) ရပ်ကွက်ရှိ ပြည်သူများ၊ ဒေါ်ခင်ကြည် "ဆန်းကိုကို" ဘီစကစ်လုပ်ငန်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် ဦးအောင်မြင့် (ချမ်းမြေ့တည်းခိုခန်း)၊ ဦးအောင်သန်းဦး (မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း - ဒေါ်ခင်ချိုအုန်း (ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး)၊ ခနအောင်အုပ်စု Production Co., Ltd၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင် - သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတ နိဗ္ဗာန်ကုန်နှင့်

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆန်၊ဆီ၊ဆား၊ဆေးနှင့်ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သက်န်းတိုက်)၊ ဦးသိုင်းဝင်း - ဒေါ်ဌေးဌေးညွန့် (BTB. Co., Ltd) တို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင် အလှူရှင် ၉၀တို့က စုစုပေါင်းငွေကျပ်၁၈၂၅၃၅၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက အရပ် ၁၀ မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၂၃၂ အိတ်နှင့် ၁၈ပြည်၊ ဆီ ၅၅၆ ပိဿာနှင့် ၆၀ကျပ်သား၊ ပဲ ၁၁၁၃ ပိဿာ ၂၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၅၆ပိဿာ၊ သွားတိုက်ဆား ၁၁၁၃ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၀၈၀၊ ရွှေဝါဆပ်ပြာ ၅၅၆ တောင့်၊ ကိုယ်တိုက်ဆပ်ပြာ အတုံး ၂၁၉၀နှင့် ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၈၂၅၃၅၀၀ ဖြစ်သည်။ (သတင်းစဉ်)

ညောင်ဦးရွှေစည်းခုံစေတီ ရွှေသင်္ကန်းကပ်ရန်လှူ

ရန်ကုန် ဇူလိုင် ၂၃

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်ရွှေသင်္ကန်းကပ်လှူရန်အတွက် ပန်းဘဲတန်းမြို့နယ် လမ်း(၃၀) မိုးကျော်စာပေ ဦးဇော်လင်းအောင်-ဒေါ်မိမိလှိုင် မိသားစုက ငွေကျပ် ၁၂၁၀၀၀၊ ညွန့်စတားစာပေ ဆူးလေဘုရားလမ်းမှ ဒေါ်နီလာက ငွေကျပ် ၁၀၀၀၀၊ ဦးအောင်သန်း - ဒေါ်ယဉ်ယဉ်မြင့်၊ မကေသွယ်အောင်၊ မလတ်လတ်အောင်၊ မအိအိအောင်၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်က ကျပ်၃၁၀၀၀၊ ဦးအောင်သန်း-ဒေါ်ညွန့်ရီမိသားစုအောင်ရတနာလမ်းကြီးပွားရေးရပ်ကွက်သင်္ဃန်းကျွန်းက ငွေကျပ် ၁၅၀၀၀ကို ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန်သို့ လာရောက်လှူဒါန်းရာ ရွှေစည်းခုံစေတီ ဂေါပကအဖွဲ့ကိုယ်စား ဆီမီး ၉၉၀၀အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ဦးကြည်စိုးတို့က လက်ခံရယူသည်။

(ဝဲပုံ) (၆၁)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ် ဇေယျာမွန်ရပ်ကွက်၊ စကားဝါလမ်း ဂဝံခင်းခြင်းလုပ်ငန်းအတွက် ဂဝံကျောက်များ စုဆောင်းထားရှိမှုကို ဇူလိုင် ၁၇ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

❍ ဆူနာမီမှ

အပြီးတပ်ဆင်မည်ဖြစ်ကြောင်း သမ္မတယူဒိုယူနိုက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် မူလအစီအစဉ်ထက် လအတန်မျှပိုမိုစောစွာ ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစက်ကိရိယာများကို တပ်ဆင်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတောင်ပိုင်း ကမ်းရိုးတန်းနှင့် မိုင် ၁၁၀ အကွာအဝေးရှိ နယ်မြေတစ်ဝန်း၌ ဆူနာမီရေလှိုင်းရိုက်ခတ်မှုဒဏ်ကို ဇူလိုင် ၁၇ရက်က တွေ့ကြုံခံစားခဲ့ရသည်။ ဆူနာမီကပ်ဘေးကြောင့် အဆောက်အအုံများ၊ နေအိမ်များနှင့် ဟိုတယ်များ ပျက်စီးခဲ့သည်။

ကယ်ဆယ်ရေး လုပ်သားများသည် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် အပျက်အစီးများအတွင်း ပိတ်မိနေသော ရုပ်အလောင်းများကို ယခုထက်တိုင်အောင် ရှာဖွေနေဆဲဖြစ်သည်။

ဆူနာမီရေလှိုင်း သတိပေးစနစ် တပ်ဆင်နိုင်ရေးအတွက် ရန်ပုံငွေ အသုံးစရိတ်ရရှိနိုင်ရန် ပါလီမန်ထံ တင်ပြမည်ဖြစ်ကြောင်း သမ္မတ ယူဒိုယူနိုကပြောကြားသည်။

ဆူနာမီကပ်ဘေး ဆိုက်ရောက်မှုကြောင့် လူပေါင်း ၅၃၁ဦး သေဆုံးခဲ့ရပြီး ၂၇၀ ပျောက်ဆုံးလျက်ရှိသည်။

အင်တာနက်။



တစ်ပြည်လုံးတွင် မိုးလျော့နည်းသွားမည်

၂၀၀၆ခုနှစ်၊ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၆၂ လက်မ၊ ကလေးမြို့တွင် ၁ ဒသမ ၅၈ လက်မနှင့် သံတွဲမြို့တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၄ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့နည်းသွားမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) ၂၂-၇-၂၀၀၆

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်) ၂၃-၇-၂၀၀၆

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း ၂၃-၇-၂၀၀၆

နေပူသည့်နာရီပေါင်း ၂ ဒသမ ၅ နာရီခန့် ၂၂-၇-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၃-၇-၂၀၀၆	(၀ဒသမ၀၈လက်မ)	(၀ဒသမ၃၉လက်မ)	(၀ဒသမ၂၃လက်မ)
၁-၁-၂၀၀၆မှ ယနေ့အထိ	(၄၈ဒသမ၇၄လက်မ)	(၅၉ဒသမ၁၃လက်မ)	(၆၄ဒသမ၂၁လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၇-၂၀၀၆ နေ့၁၃း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

ပြည်နယ်နှင့်တိုင်းနှင့်အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

(၃၇)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်းနှင့်အမျိုးသားတံခွန်စိုက်ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ပွဲဝင်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တာဝန်ခံနာယက ဒေါ်မြင့်မြင့်ဆွေက အလှူငွေကျပ် တစ်သိန်း၊ GOLD ROAST ကုမ္ပဏီမှ အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲအတွက် အလှူငွေကျပ် ၁၅သိန်း၊ ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ အလှူငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ဆေးမှူးက မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်သို့ လစဉ်တစ်သောင်းနှုန်းနှင့်ရာသက်ပန်လှူဒါန်းပြီး ၂၀၀၆ခုနှစ်အတွက် ငွေကျပ်တစ်သိန်း နှစ်သောင်း ပေးအပ်လှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲတွင် အမျိုးသား ၁၄သင်း၊ အမျိုးသမီး ၁၀သင်း ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ယနေ့အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်က မွန်ပြည်နယ်ကို ၆၂မှတ်၊ ၅၆မှတ်ဖြင့် နိုင်ပြီး ပဲခူးတိုင်းက ကရင်ပြည်နယ်ကို ၇၈မှတ်၊ ၄၅မှတ်ဖြင့်နိုင်သည်။

အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) က မကွေးတိုင်းကို ၅၇မှတ်၊ ၄၂မှတ်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းက မန္တလေးတိုင်းကို ၃၈မှတ်၊ ၂၉မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းက မွန်ပြည်နယ်ကို ၅၃မှတ်၊ ၂၈မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယနေ့ပွဲစဉ်များ

အမျိုးသားပြိုင်ပွဲများအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့်မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့်တနင်္သာရီတိုင်း၊ကယားပြည်နယ်နှင့်ကချင်ပြည်နယ်တို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသမီး ပြိုင်ပွဲများအဖြစ် တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်း၊ မန္တလေးတိုင်းနှင့်မကွေးတိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (အား/ကာ)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲဗဟိုအဆင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဆုရကျောင်းသား ကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၃ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင်ကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (ပြည်နယ်အမျိုးသမီးရေးရာ)

ကျေးဇူးရှင်ဖခင် ဦးသူဒေါ်၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည်တွင် နှစ်ဖက်သော မိဘဘိုးဘွား များအား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်းနေ ဦးခင်မောင်ဝင်း - ဒေါ်စန်းစန်းနိုင် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိပိဋက ဆရာတော်များထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ပအားကစားသတင်းများ



ချယ်လ်ဆီးအသင်းမှ နယူးကာဆယ်အသင်းသို့ ရောက်ရှိလာသူ ဒမ်မီယန်ဒပ်ဖ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးကာဆယ်အသင်းသို့ ဒမ်မီယန်ဒပ်ဖ် ရောက်ပြီ

နယူးကာဆယ် ဇူလိုင် ၂၃

အိုင်ယာလန်လက်ရွေးစင်နှင့်ချယ်လ်ဆီးတောင်ပံကစားသမား ဒမ်မီယန်ဒပ်ဖ်သည် ကျန်းမာရေးစစ်ဆေးမှုများပြီးစီးပြီးနောက် နယူးကာဆယ်ယူနိုက်တက်အသင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဒပ်ဖ်သည် နယူးကာဆယ်အသင်းတွင် ပါဝင်ကစားရန် ကိုတင်စည်းကမ်းသတ်မှတ်ချက်များကို သဘောတူညီခဲ့ပြီးဖြစ်သည်။

ချယ်လ်ဆီးအသင်းမှ နယူးကာဆယ်အသင်းသို့ ဒပ်ဖ်ပြောင်းရွှေ့ရာတွင် အသင်းပြောင်းရွှေ့ကြေးမည်မျှရှိသည်ကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။ ဒပ်ဖ်သည် အသင်းသားသစ်အဖြစ် မိတ်ဆက်နိုင်ရန် နယူးကာဆယ်အသင်း၏ မန်နေဂျာဂလင်းရိုဒါနှင့်အတူ ဇူလိုင် ၂၄ရက်တွင် ကျင်းပမည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ဒပ်ဖ်သည် နွေရာသီ ဘောလုံးသမားအပြောင်းအရွှေ့ရာသီတွင် နယူးကာဆယ်အသင်းသို့ ရောက်ရှိလာသည့် ပထမဆုံးသော ဘောလုံးသမားဖြစ်သည်။ **အင်တာနက်။**

တိုဂိုလက်ရွေးစင်အသင်းကို အော်တိုပီဖစ္စတာ ဆက်လက်တာဝန်ယူမည်

လိုမေ ဇူလိုင် ၂၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သော တိုဂိုအသင်း၏နည်းပြ အော်တိုပီဖစ္စတာသည် လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ဆက်လက်တာဝန်ယူမည်ဖြစ်ကြောင်း၊ ယခုအခါတိုဂိုအသင်း၏ ရည်မှန်းချက်မှာ ၂၀၀၈ခုနှစ် အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းရန်ဖြစ်ကြောင်း တိုဂိုဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရော့ခ်ဂနက်ဆင်ဘီက ဇူလိုင် ၂၃ ရက်တွင် အတည်ပြုပြောကြားသည်။

တိုဂိုလက်ရွေးစင်အသင်းသည် နည်းပြ ပီဖစ္စတာနှင့် သဟဇာတရှိပြီး လက်ရွေးစင်အသင်းကို ၎င်းက ဆက်လက်ဦးဆောင်ရန် မိမိတို့ဆုံးဖြတ်လိုက်ကြောင်း ဂနက်ဆင်ဘီက ပြောကြားသည်။

ပီဖစ္စတာသည် ယခုနှစ် ဖေဖော်ဝါရီလမှစ၍ တိုဂိုအသင်းကို တာဝန်ယူခဲ့သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တိုဂိုအသင်း၏ နည်းပြအဖြစ် ၎င်းက ဆောင်ရွက်ခဲ့သည်။ တိုဂိုအသင်းသည် ဂျာမနီတွင်သုံးပွဲရှုံးနိမ့်ခဲ့လင့်ကစား ပီဖစ္စတာ၏ အရည်အချင်းကို ယုံကြည်သည်ဟု တိုဂိုဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။ **အင်တာနက်။**



တိုဂိုနည်းပြ

တိုဂို လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ဆက်လက်တာဝန်ယူမည့် အော်တိုပီဖစ္စတာ။ (ဓာတ်ပုံ-အင်တာနက်)

နာမည်ကြီး ပြင်သစ်အသင်း တိုက်စစ်မှူး ထရက်ဇီဂေး။ (ဓာတ်ပုံ-အင်တာနက်)

ထရက်ဇီဂေးအားခေါ်ယူရန် အေအက်စ်ရိုးမား ကြိုးပမ်းနေ

ရောမ ဇူလိုင် ၂၃

အေအက်စ်ရိုးမား အသင်းသည် ဂျူဗင်တပ်စ်အသင်း၏ တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေးအား ခေါ်ယူနိုင်ရန် ကြိုးပမ်းနေသည်ဟု အီတလီနိုင်ငံတွင် ဇူလိုင် ၂၃ရက်က ထုတ်ဝေသော မီဒီယာသတင်းများ၌ဖော်ပြသည်။

အီတလီစီးရီးအေ အသင်းမှ အေအက်စ်ရိုးမားအသင်းသည် ဥရောပဘောလုံးလောကတွင် မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် နာမည်ကြီး တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူလိုကြောင်း ယင်းအသင်း၏ နည်းပြ လူစီယာရီ စပယ်လက်တီက ပြောကြားသည်။

အေအက်စ်ရိုးမား အသင်းသည် လွန်ခဲ့သည့်ဘောလုံးရာသီ၌ လူငယ်ခြေတက်များဖြင့် ရှေ့တန်းကို ဖွဲ့စည်းခဲ့ရာ တိုက်စစ်ပိုင်းအားနည်းသည့် ပြဿနာများကို ရင်ဆိုင်ခဲ့ရသည်ဆို၏။

ပြင်သစ်လူမျိုး နိုင်ငံတကာဘောလုံးသမားထရက်ဇီဂေးအားပြင်သစ်ချန်ပီယံ လီယွန်အသင်းနှင့် အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲဝင်လီဗာပူးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အင်တာနက်။**

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည့်နူးရှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၆၄)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ ကျန်းမာသုတ
၁၇။ မေးမြန်းစုံစမ်း
၁၈။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ** ဗုဒ္ဓမြတ်စွာသာသနာအတွက် တစ်ရက်မနား တစ်သက်ကြိုးစားခဲ့သည့်ဆရာတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟောဝန်ကသိုင်းလုလင်" (ဒုတွဲ) (အပိုင်း-၉)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ဦးစံလွင်-ဒေါ်တင်တင်ဝင်း တောင်ကြီးက ငွေကျပ် ၅၀၀၀၀၊ ဦးမောင်ငွေ-ဒေါ်သိန်းဟန် ရေထွက်ဦးလမ်း တောင်ကြီးက ငွေကျပ် ၁၀၀၀၀၀၊ ဦးပွေး (ရွှေပန်းထိမ်) ဦးပွေး-ဒေါ်တင်ထွေး ဗိုလ်ချုပ်အောင်ဆန်းလမ်းအနီး၊ ညောင်ပင်သာရပ်၊ တောင်ကြီးမြို့မှ အလှူတော်ငွေကျပ် ၂၅၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဒေါက်တာဒေါ်ခင်မေသန်းထံ လှူဒါန်းစဉ်။ (ကြေးမုံ)

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရှိ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မ ပါဠိပါရဂူ ဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ(Ph.D)အမှူးရှိသော သံဃာတော်များ၊ ပင့်သံဃာတော်များ အပါအဝင် သံဃာတော် အပါး ၄၀၀ခန့်တို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၀ရက် နံနက် ၇နာရီတွင် ၁၃၆၇ခုနှစ် နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲတွင် အောင်ပန်းဆင်ခဲ့ကြသော ဝိနယပါဠိပါရဂူဘွဲ့ရ၊ တစ်နိုင်ငံလုံး တတိယဂုဏ်ထူးရ သာသနာ့ဓဇဓမ္မာစရိယဘွဲ့ရ စာချ အရှင်သူမြတ်များ၊ ကျမ်းစွဲအောင် အရှင်သူမြတ်များ၊ ပထမပြန် စာမေးပွဲတွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်းတို့ကို အောင်မြင်တော်မူကြသော အရှင်သူမြတ်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင်လမ်းနေ ဦးဝင်းမောင်(ဂေါပက) ဒေါ်နီနီခင် မိသားစုက အလှူငွေကျပ် ၁၂၅၀၀၀ကို ဇူလိုင် ၂၁ရက်က ဥက္ကလာပစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (၆၄)

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇူလိုင် ၂၃

ပဲခူး ၁၀ မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲများကို ဩဂုတ် ၅ရက်မှ ၁၃ရက်အထိ တစ်ကြိမ်နှင့် ဒုတိယတရားစခန်းပွဲကို စက်တင်ဘာ ၂ရက်မှ ၁၀ရက်အထိ တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်၍ တရားစခန်းဝင်လိုသူယောဂီများ ဩဂုတ် ၅ ရက်နှင့် ဒုတိယတရားစခန်းရက် စက်တင်ဘာ ၂ ရက်တို့တွင် ညနေအရောက် ကြွရောက်ပါရန်နှင့် ဖုန်း-၂၄၇၅၇၆၊ ၅၂၆၄၁၈ နှင့် ၅၄၀၈၀၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပိုလ်တထောင်စေတီတော်၌ တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဇူလိုင် ၂၄ရက် (ဝါဆိုလကွယ်နေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိ တက္ကသိုလ် ဦးစီးပဓာနနာယက ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)က လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ရေဝတီတိုင်း ဝါးခယ်မမြို့နယ် ကျွန်းကုန်းမြို့ ဇေယျာဝတီ အနောက်ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တပဏ္ဏဝံသကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ္စာဒီပကဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် ဓမ္မာရုံတွင် (၆၅) ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို ကမ္မဋ္ဌာနာစရိယ မူလ ဓမ္မာစရိယ ကျေးဇူးရှင် ဆရာဦးကြည်၏ ဥပနိဿယအတိုင်း ဦးဆောင်နာယက အဘလှိုင်အား အမှူးထား၍ ဓမ္မ ကထိက ဆရာဦးသိန်းဆွေ (ဓနုဖြူ)နှင့် အရန်တရားဟောဓမ္မကထိကများက ဩဂုတ် ၂ရက်မှ ၈ရက်အထိ ဟောကြားမည် ဖြစ်သည်။ စခန်းဝင်လိုသူ ယောဂီများ အနေနှင့် ဩဂုတ် ၁ရက် ညနေ ၅နာရီ အရောက်သတင်းပို့ ဝင်ရောက်နိုင်ကြပြီး လှူဒါန်းလိုသူ အလှူရှင်များ အနေဖြင့် ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၂၄၇၀၂၇၊ ဒုတိယဥက္ကဋ္ဌ ဦးခင်လှိုင် ဖုန်း-၆၆၂၃၈၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ (က-ပ)

[illegible] ([illegible])

(၁) Head Waiter	----- အမျိုးသား	- (၃) ဦး
(၂) Waiter	------- အမျိုးသား	- (၂၀) ဦး
(၃) Store Keeper [illegible]	------ အမျိုးသား	- (၄) ဦး
(၄) Room Attendant	----- အမျိုးသား	- (၄) ဦး
(၅) Bell Boy & Door Man	----- အမျိုးသား	- (၃) ဦး
(၆) Kitchen Staff (Helper)	----- အမျိုးသား	- (၄) ဦး

[illegible]

[illegible] Old School [illegible] Post-Punk [illegible]

[illegible] အမှတ် (၃၇) [illegible]

ဝန်ထမ်းအမြန်အလိုရှိသည်

([illegible])

၁။ Assit: Sales Manager	ကျား	(၂) ဦး
၂။ Supervisor	ကျား	(၂) ဦး
၃။ Sales Representative	ကျား	(၅) ဦး
၄။ Service Engineer	ကျား	(၂) ဦး

[illegible] AGTI (Mechnicial) [illegible]

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၃)၊ တိုက်(၁၆၅/၅)နေ ကျွန်တော်၊ ကျွန်မတို့၏သား မောင်မင်းမောင်မောင်ငန် [၁၂/သဃက(နိုင်)၀၀၄၁၄၂]သည် မိဘဆုံးမစကားကိုမနာခံဘဲ မိဘ၊ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် လုပ်နေသောကြောင့် ၎င်းအား၁၈-၇-၂၀၀၆ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

မိဘ ဦးအောင်မင်း-ဒေါ်မိအေးလှ

လှည့်စားနှင့် မော်ဒန်အချစ်များ ဆက်လက်ရုံတင်ပြသနေ

ရန်ကုန် ဇူလိုင် ၂၃

ယခင် သောကြာပတ်က ရုံတင်ပြသခဲ့သည့် ကားသစ် **"လှည့်စား"**အမည်ရှိ မြန်မာ ရုပ်ရှင်ဇာတ်ကားသည် မြို့လယ်ရုံသုံးရုံတွင် ဆက်လက်ပြသပြီး **"မော်ဒန်အချစ်များ"** ဇာတ်ကားမှာ ရှေ့ဆောင်ရုံ တစ်ရုံတည်း၌ ဆက်လက်ပြသနေသည်။နှစ်ကားစလုံး ပရိသတ်အားပေးမှု ရရှိနေဆဲဖြစ်သည်။

နီကိုရဲ၏ ဝတ္ထုကို မောင်မြတ်ဆွေ ဇာတ်ညွှန်းရေးသားပြီး သိန်းဟန်(ဖိုးနစ်)ရိုက်ကူးသည့် လှည့်စား ဇာတ်ကားမှာ ရုပ်ရှင်ရိုက်ကူးသွားသည့် အဖွဲ့သားများ တောလမ်းတစ်နေရာတွင် ဓားပြတိုက်ခံရရာမှ နောက်ဆုံး ဓားပြများက တစ်ဖွဲ့လုံးကို ပြန်ပေးဆွဲပြီး တောတွင်း၌ ပြဿနာမျိုးစုံကြုံရပုံကို ဟာသရောစွက်ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။



မော်ဒန် အချစ်များ ဇာတ်ကားမှ လွင်မိုး နှင့် အိန္ဒြာကျော်ဇင် တို့၏ သရုပ်ဆောင်ဟန်ကို ရှုစားရစဉ်။

လှည့်စား မြန်မာဇာတ်ကားမှ ဒွေး၊ ခိုင်သင်းကြည်နှင့် မိုးဒီတို့၏ ဇာတ်ဝင်ခန်းတစ်ကွက်ကို တွေ့ရစဉ်။

သရုပ်ဆောင်များ အထူးသဖြင့် ဟာသသရုပ်ဆောင်များက ထိထိမိမိ သရုပ်ဆောင်ထား၍ ရုပ်ရှင်ကြည့်ပရိသတ်များ နှစ်ခြိုက်လက်ခံ အားပေးနေသည်။ အဆိုပါဇာတ်ကားတွင် ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်၊ ပြည့်ဖူးခိုင်နှင့် ဇာတ်ပို့ဇာတ်ရံများစွာပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်းပြသနေသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ သိပ္ပံပညာအသားပေး X-Men (3) The Last Stand ဇာတ်ကား ဆက်လက်ပြသနေသည်။ အိန္ဒိယရုပ်ရှင်ချစ်ပရိသတ်အတွက် ရွှေဂုန်ရုံ မြေညီထပ်တွင် Kyaa Dil Ne Kahaa ဇာတ်ကား ပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် Surf Ninjas အမည်ရှိ ဇာတ်ကြမ်းကား ပြသနေသည်။ ကိုရီးယားရုပ်ရှင်ချစ်ပရိသတ်များအတွက်လည်း မြို့မရုံတွင် ကိုရီးယားအချစ် ဇာတ်ကားဖြစ်သည့် Bichun Moo ပြသနေသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး က/ဂရပ်ကွက် အမက(၁၅)တွင် ဇူလိုင် ၂၂ရက်က အမှိုက်ကင်းစင် ဒို့ကျောင်း တစ်ခွင် ဆောင်ပုဒ်အရ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်နှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၃၁တိုက်နှင့် သီလရှင်စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်ပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၃ တိုက်နှင့် သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၁၃ တိုက်မှ ပဓာန နာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

NLD ပါတီ၏ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်သည့် လုပ်ရပ်များကြောင့် NLD ပါတီအပေါ် စိတ်ဝင်စားမှု၊ ယုံကြည်အားထားမှုမရှိတော့သဖြင့် ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်ကိုးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၃

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော စံပြသစ်ကျေးရွာမှ စည်းရုံးရေးမှူး ဦးစိုးမြင့်နှင့် ဦးသက်နွယ်၊ အတွင်းရေးမှူး ဦးဌေးလွင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးလှအောင်၊ ဦးသန်းဦး၊ ဦးမျိုးညွန့်၊ ဦးစန်းဝင်း၊ ဦးကျော်မြင့်နှင့် ဦးတင်ဟန်တို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ဇူလိုင် ၁၃ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကိုယ်တိုင်လာရောက်ပေးပို့

ဝါးခယ်မမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ကိုယ်တိုင်လာရောက်ပေးပို့ခဲ့သည့် နုတ်ထွက်လွှာတွင် ၎င်းတို့ပါတီဝင်ကိုးဦးသည် NLD ပါတီ၏ နိုင်ငံတော်အစိုးရအပေါ် ဆန့်ကျင်သည့်လုပ်ရပ်များကြောင့် NLD ပါတီအပေါ် စိတ်ဝင်စားမှု၊ ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် ပါတီဝင်အဖြစ်မှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

၂၄-၇-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အ င် တ ာ န က် သ တ င်း

ဆူနာမီရေလှိုင်း ကြိုတင်သတိပေးစနစ် အင်ဒိုနီးရှားတွင် အမြန်ဆုံးတပ်ဆင်မည်

ပန်ဂန်ဒါရန်(အင်ဒိုနီးရှား) ဇူလိုင် ၂၃

အင်ဒိုနီးရှားနိုင်ငံသည် ဆူနာမီရေလှိုင်းကြိုတင်သတိပေးရေးစနစ်ကို အမြန်ဆုံးတပ်ဆင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သမ္မတဆူစီလိုဘမ်ဘန်းယူဒိုယိုနို၏ ပြောကြားချက်ကို ကိုးကားလျက် ယာဟူးသတင်း အင်တာနက်ဝက်ဘ်ဆိုက်တွင် ဇူလိုင် ၂၃ရက်က ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီရေလှိုင်း ကြိုတင်သတိပေးရေးစနစ်ကို ၂၀၀၈ခုနှစ် နှစ်လယ်ထက် နောက်မကျဘဲ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍



ဂျပန်နိုင်ငံ မြို့တော် တိုကျိုတွင် ဆူနာမီရေလှိုင်းသတိပေးရေးဌာန၌ အလုပ်လုပ်ကိုင်နေကြသူများအား ဇူလိုင် ၂၂ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)